# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# တတိယ ပုံမှန်အစည်းအဝေး

# (၁၈) ရက်မြောက်နေ့ မှတ်တမ်း



## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## (၁၈) ရက်မြောက်နေ့ အစီအစဉ်

## [ ၂၀-၁၂-၂၀၁၆ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးငွေဝင်းအောင်(ခ) ဦးပြုံးချို၊ ဒေါပုံ မဲဆန္ဒနယ်၏ **ဒေါပုံမြို့နယ်ရှိ သဘော်ကျင်းလမ်းဆုံ လမ်းမကျယ်ကြီးတွင် အများပြည်သူများ ဘေးကင်းလုံခြုံစွာ ဖြတ်သန်းနိုင်ရေးအတွက် သင့်လျော်သည့် အစီအမံများ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးလာမာလေး၊ ဆော့လော် မဲဆန္ဒနယ်၏ **ချီဖွေမှ ဆော့လော်မြို့သို့ ဆက်သွယ်ထားသော (၃၄)မိုင် လမ်းဟောင်းအား အမြန်ဆုံးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပ မြို့နယ်အတွင်းရှိ မင်းရဲကျော်စွာ ၅ လမ်းနှင့် ၆ လမ်းကြား ၇ ရပ်ကွက်ရှိ**

**မြေကွက်၊ မင်းရဲကျော်စွာ ၅ လမ်း(ခ)နှင့် ၉ လမ်း(ခ)ကြား ၇ ရပ်ကွက်ရှိ မြေကွက်နှင့် ပင်းယ ၁၇ လမ်းနှင့် ၁၈ လမ်းကြား ၅ ရပ်ကွက်ရှိမြေကွက် တို့ကို မူလမြေကွက်အတိုင်း ဆက်လက် ထားရှိစေပြီး ဂရန်ချထား ပေးခြင်း ဆောင်ရွက်မှုကို တားဆီးပေးနိုင်ပါရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးဝိစာရ လမ်းကို ၂၀၁၅ ခုနှစ်အတွင်းက ကတ္တရာကွန်ကရစ် တန် ၁၇၀ အသုံးပြုပြင်ဆင်ခဲ့ခြင်းနှင့် ပတ်သက်၍ ကွင်းဆင်း စုံစမ်းစစ်ဆေးခဲ့ခြင်းနှင့် ကြားသက်သေများကို ခေါ်ယူ စစ်ဆေးခဲ့ခြင်း ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့နယ်နှင့် ဟုမ္မလင်း မြို့နယ်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကက်သာ၊ အောင်ဇေယျလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **ဖောင်းပြင်- ပင်လည်ဘူး မော်တော်ကားလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးတိုးသောင်၊ မိုးမိတ် မဲဆန္ဒနယ်၏ **မန္တလေး- တွင်းငယ်- မိုးမိတ်- မန်တုံ- နမ့်ခမ်း ပြည်ထောင်စုလမ်းမကြီးကို ပထမဦးစားပေး ဖောက်လုပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၁၈)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
## (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၃၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ်ဦးရေ ၄၀၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၂ ရက်၊

(၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၂ ရက်၊

(၃) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၂ ရက်၊

(၄) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၁ ရက်၊

(၅) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊

(၆) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၇) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၉) မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ)အုန်းခင် ခွင့် ၁ ရက်နှင့်

(၁၀) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဒေါပုံမြို့နယ်ရှိ သဘော်ာကျင်းလမ်းဆုံ လမ်းမကျယ်ကြီးတွင် အများပြည်သူများ ဘေးကင်းလုံခြုံစွာ ဖြတ်သန်းနိုင်ရေးအတွက် သင့်လျော်သည့်အစီအမံများ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို (ဒေါပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများ မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းက ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ် သဘော်ာကျင်းလမ်းဆုံ လမ်းမကျယ်ကြီးမှာ အများပြည်သူ လမ်းဖြတ်ကူးရာမှာ ဘေးကင်းလုံခြုံစွာလမ်းဖြတ်ကူးနိုင်ရေးအတွက် မည်ကဲ့သို့အစီအမံများ ပြုလုပ်ပေးနိုင်မလဲဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး သိရှိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပါ။ ဒါကတော့ သဘော်ာကျင်းလမ်းဆုံ လမ်းမကျယ်ကြီးကို Google Earth ကနေ တွေ့မြင်ရတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ အဲဒီလမ်းမကျယ် ကြီးနားကနေပြီးတော့ မြင်ရတဲ့ပုံဖြစ်ပါတယ်။ အဲဒီလမ်းမကျယ်ကြီးမှာဆိုလို့ရှိရင် ဒီလိုမျိုး မော်တော် ယာဉ်အကြီးကြီးတွေကလည်း ဖြတ်သန်းနေတာကို တွေ့ရပါမယ်။ နောက်ပြီးတော့ ခရီးသည်တင် ယာဉ်လိုင်းမျိုးစုံကလည်း အများအပြားဖြတ်သန်းနေတာကို တွေ့ရပါလိမ့်မယ်။ နောက် အဲဒီလိုပဲ အခြားယာဉ်အမျိုးမျိုးကလည်း နေ့စဉ်နှင့်အမျှ အရှိန်ပြင်းစွာနဲ့ ဒီနေရာမှာ ဖြတ်သန်းသွားလာနေတာ

ကို တွေ့ရပါမယ်။ ဒီနေရာဟာဆိုလို့ရှိရင် ကျွန်တော်တို့မြို့နယ်ရဲ့ ဌာနပေါင်းစုံ၊ ရုံးအသီးသီး စုဝေးတဲ့ နေရာလည်းဖြစ်သလို ခရီးသွားပြည်သူအများအပြားက တစ်ဖက်လမ်းကို မော်တော်ယာဉ်လိုင်းကြောင်းတွေ ပြောင်းစီးပြီးတော့ လိုချင်တဲ့နေရာဒေသအသီးသီးကို သွားလာနိုင်ဖို့အတွက် ဒီနေရာက နေပြီးတော့ အဓိကဖြတ်သန်းသွားလာနေရတာဖြစ်ပါတယ်။ အဲဒီလိုပဲ တစ်ဖက်ကားလမ်းမကိုဖြတ်ကူးနိုင်ဖို့အတွက် လမ်းမကျယ်ကြီးမှာ အရှိန်ပြင်းပြင်းနဲ့ မောင်းနေတဲ့ကားတွေကြားထဲကနေပြီးတော့ လမ်းအလယ်မှာချထားတဲ့ ကွန်ကရစ်တုံးတွေရဲ့ကြားထဲကနေပြီးတော့ ဖြတ်သန်းသွားလာနေရတာကို တွေ့ရပါလိမ့်မယ်။ ဒီလမ်းမကြီးမှာဆိုလို့ရှိရင် လူကူးမျဉ်းကြားတွေမရှိပါဘူး။ အချက်ပြမီးပွိုင့်တွေ မရှိပါဘူး။ အဲဒါကြောင့်မို့လည်း ဒီယာဉ်တိုက်မှုတွေ မကြာခဏဖြစ်ပြီးတော့ ယာဉ်တိုက်မှုတွေနဲ့အတူ အသက်ဆုံးရှုံးမှုတွေလည်း မကြာခဏဖြစ်ခဲ့ရပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ် သဘော်ကျင်းလမ်းဆုံ လမ်းမကြီးမှာ အများပြည်သူ ဘေးကင်းလုံခြုံစိတ်ချစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် မည်ကဲ့သို့အစီအမံများ ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဝင်းအောင် (ခ) ဦးပြုံးချိုမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်ရှိ သဘော်ကျင်းလမ်းဆုံ လမ်းမကျယ်ကြီးတွင် အများပြည်သူများ ဘေးကင်းလုံခြုံစွာ ဖြတ်သန်းနိုင်ရေးအတွက် သင့်လျော်သောအစီအမံများ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသောဖြေကြားချက်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွား

မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်တွင် ဖော်ပြချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်ရှိ သဘော်ာကျင်းလမ်းဆုံ လမ်းမကျယ်ကြီးတွင် ကုန်သေတ္တာတင်ယာဉ်ကြီးများ၊ ခရီးသည်တင်မော်တော်ယာဉ်လိုင်းများ စသည်ဖြင့် မော်တော်ယာဉ်အမျိုးမျိုးတို့နှင့် အများပြည်သူတို့ စဉ်ဆက်မပြတ်သွားလာနေကြသောကြောင့် လမ်းမကြီးရဲ့တစ်ဖက်ယာဉ်သွားလမ်းမှ အခြားတစ်ဖက်သို့ ဖြတ်ကူးသွားလာရာမှာ ကြန့်ကြာမှုရှိခြင်း၊ မကြာခဏယာဉ်တိုက်မှုဖြစ်ပြီး အသက်ဆုံးရှုံးမှုများ ဖြစ်ပွားလျက်ရှိခြင်းတို့ကြောင့် အများပြည်သူများ ဘေးကင်းလုံခြုံစွာဖြတ်သန်းနိုင်ရေးအတွက် လူကူးခုံးကျော်တံတားတစ်စင်းအား လာမည့်ဘဏ္ဍာနှစ်များတွင် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီးတော့ တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ အဆိုပါလမ်းဆုံမှာ မော်တော်ယာဉ်လိုင်းများမှ ခရီးသည်တင်ချခြင်းများအား စည်းကမ်းမဲ့စွာမပြုလုပ်နိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီနှင့်ညှိနှိုင်းပြီးတော့ စနစ်တကျဖြစ်စေရန်အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အများပြည်သူများ လမ်းမကျယ်ကြီးကို ဖြတ်ကူးရာမှာ လူကူးမျဉ်းကြားမရှိသည့်အတွက် ယာဉ်တိုက်မှုများဖြစ်ပွားလျက်ရှိရာ နောက်နောင်တွင် ထိုအန္တရာယ်များမဖြစ်ပေါ်စေရန် စနစ်တကျကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ပြီးတော့ သင့်လျော်သောနေရာများ၌ လူကူးမျဉ်းကြားများ ထားရှိပေးခြင်း၊ လိုအပ်ပါက အချက်ပြမီးပွိုင့်များထားရှိ၍ သဘော်ာကျင်းလမ်းဆုံလမ်းမကြီးကို အသုံးပြုနေရတဲ့ အများပြည်သူများ အချိန်ကြန့်ကြာမှုမရှိစေဘဲ လွယ်ကူချောမွေ့၍ ဘေးကင်းလုံခြုံစွာဖြတ်သန်းသွားလာနိုင်စေရန် စီမံဆောင်ရွက်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ချီဖွေမှဆော့လော်မြို့သို့ ဆက်သွယ်ထားသော (၃၄)မိုင် လမ်းဟောင်းအား အမြန်ဆုံးဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ကြယ်ပွင့်ပြ

မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါသည်မှာ မိမိရဲ့မဲဆန္ဒနယ်ဖြစ်သော ဆော့လော်မြို့နယ်မှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်တွင် ပါဝင်ပြီး ချီဖွေမြို့နယ်၊ အင်ဂျန်းယန်မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ တရုပ်ပြည်သူ့နှင့်နယ်နိမိတ်ထိစပ်လျက်ရှိပါတယ်။ ယခင်က ဆော့လော်မြို့လို့ ချီဖွေမြို့နယ်မှတစ်ဆင့် ယခင်လမ်းဟောင်း ၃၄ မိုင်လမ်း ဖောက်လုပ်ရန်ဖြင့် ဆော့လော်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာခဲ့ကြပါတယ်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း နိုင်ငံရေးအခြေအနေလုံခြုံရေးအရ ပြည်သူများ သွားလာ၍မရတော့ဘဲ ယခုချီဖွေလာရာလမ်း တောင်သုံးလုံးဖြင့် ချီဖွေမှဆော့လော်မြို့ထိ ခရီးမိုင် ၇၅ မိုင်ခန့် တောင်တက်တောင်ဆင်း လမ်းကွေ့လမ်းကောက်လမ်းကြမ်းခရီးများဖြင့် ခက်ခက်ခဲခဲ သွားလာနေကြရပါတယ်။ ချီဖွေမှဆော့လော်မြို့သို့ ယခုတောင်သုံးလုံးလမ်း စုစည်းလမ်းဖြင့် သွားပါက ဆန်တစ်အိတ်သယ်ခ တစ်သောင်းကျပ်ကျော်၊ ဘိလပ်မြေတစ်အိမ်သယ်ခ တစ်သောင်းကျပ်၊ ဒီဇယ် တစ်ပေပါသယ်ခ ခြောက်သောင်းကျပ်အထိ ကားခများပေးဆောင်နေကြရပါတယ်။ မိမိအနေဖြင့်လည်း မိမိမဲဆန္ဒနယ်သို့ သွားရောက်ရာတွင် မြစ်ကြီးနားမှ ချီဖွေမြို့သို့သွားရန် လိုင်းကားများရှိပြီး လူတစ်ဦးအတွက် နှစ်သောင်းကျပ်အထိသာ ခရီးစရိတ်ပေးဆောင်ရပါတယ်။ ထိုမှတစ်ဆင့် ချီဖွေမှ ဆော့လော်မြို့သို့ ယခုတောင်သုံးလုံးလမ်း စုစည်းလမ်းဖြင့်သွားပါက လိုင်းကားများလည်း မရှိပါ။ ခရီးကြမ်းတမ်းပြီး ခရီးမိုင်ရှည်လျားသည့်အတွက် ဆိုင်ကယ်ကယ်ရီခမှာ ကျပ်တစ်သိန်းငါးသောင်းကျပ်၊ ကားအော်ဒါငှားမယ်ဆိုရင် ခုနစ်သိန်းမှ ရှစ်သိန်းထိ ပေးစီးနေရပါတယ်။ သို့အတွက် ဆော့လော်မြို့နယ်ပြည်သူလူထုများမှာ စားနပ်ရိက္ခာများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်း များ၊ ခရီးသွားလာစရိတ်များကို ယခင်လမ်းဟောင်း ၃၄ မိုင်လမ်းခရီးသွားလာပို့ဆောင်စရိတ်ထက် နှစ်ဆကျော်ပေးဆောင်နေရ၍ ပြည်သူများစားနပ်ရိက္ခာသယ်ဆောင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆော့လော်မြို့နယ်မှာ ယခုနှစ်တွင်မိုးများပြီး တောင်ယာမီးမရှို့ရခြင်း၊ စိုက်ထားတဲ့တောင်ယာစပါးခင်းအနည်းငယ်မှာလည်း ပိုးကျခြင်း၊ ကြွက်စားခြင်းတို့ကြောင့် စားစရာဆန်မရှိဘဲ အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။ စားစရာမရှိလို့ မြစ်ကြီးနား-ချီဖွေမြို့နယ်တို့မှ တစ်ဆင့် ဆန်ဝယ်စားမယ်ဆိုရင်လည်း လမ်းမကြီးသယ်ယူစရိတ် များသည့်အတွက် ဆော့လော်မြို့ပေါ် အရောက် ဆန်တစ်အိတ်စျေးနှုန်းမှာ ငါးသောင်းကျော်ကျပ်အထိ ရှိလာသည့်အတွက် အချို့သော မရှိဆင်းရဲသားပြည်သူလူထုများမှာ သစ်ဥ၊ သစ်ဖုများကိုရှာဖွေစားသောက်ရင်း သေမထူး၊ နေမထူး၊

ရှင်မထူးဘဝနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်ကိုလည်း တွေ့မြင်ရပါတယ်။ ထို့အပြင် ဆော့လော် မြို့နယ်မှာ မြို့နယ်အဖြစ်သတ်မှတ်ခံခဲ့ရသည်မှာ နှစ်ပေါင်း ၄၅ နှစ်ခန့် ကြာပြီဖြစ်သော်လည်း လမ်းပန်း ဆက်သွယ်ရေးအခက်အခဲကြောင့် ဖွံ့ဖြိုးတိုးတက်မှု လုံးဝမရှိဘဲ အခြားမြို့နယ်များနှင့် နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးတိုးတက်မှုအလွန်နောက်ကျနေသည်ကို တွေ့မြင်ရပါတယ်။ မြို့နယ်တစ်ခုသာဆိုသော်လည်းပဲ ကတ္တရာလမ်းဆိုတာ တစ်စိမှမရှိ ရွှေ့ရှာလျှင်ပင်တွေ့နိုင်ပါသည်။ ကတ္တရာလမ်းဆိုတာ လုံးဝမတွေ့ရပါ။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာအစိုးရအဖွဲ့အနေဖြင့် ယခင်လမ်းဟောင်း ၃၄ မိုင်လမ်းအား ပိတ်ထားသော KIA လက်နက်ကိုင်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင် နှစ်ဖက်နားလည်မှုရယူကာ ၃၄ မိုင်လမ်းအား အမြန်ဆုံး ဖွင့်လှစ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ယခု ကျွန်တော်တို့မြေပုံမှာမြင်ရတဲ့ အစိမ်းရောင်လမ်းနဲ့ အဝါရောင်လမ်းက ချီဖွေနဲ့ ဆော့လော်ကိုဆက်သွယ်ထားတဲ့လမ်းဖြစ်ပါတယ်။ အစိမ်းရောင်လမ်းက ယခင်လမ်းဟောင်း ၃၄ မိုင်လမ်းဖြစ်ပါတယ်။ လမ်းဦးစီးကနေဖောက်လုပ်ပြီးမှ ၂၀၁၂ ခုနှစ်မတိုင်ခင်မှာ ပြည်သူတွေအေးချမ်းစွာ၊ လွယ်ကူစွာ ခရီးသွားလာခဲ့ကြပါတယ်။ ယခု ဒီအဝါ ရောင်လမ်းက ယခုလက်ရှိသွားနေတဲ့ တောင်သုံးလုံးလမ်း၊ စုစည်းလမ်းဖြစ်ပါတယ်။ လမ်းကွေ့ လမ်းကောက်များပြီး ယခင်လမ်းဟောင်း ၃၄ မိုင်လမ်းထက် ခရီးမိုင် ၂ ဆကျော် ဝေးကွာနေရတဲ့ အတွက် ပြည်သူတွေ ဆော့လော်မြို့ပေါ်မှာ ပစ္စည်းသယ်ဖို့ရန်အတွက် အခက်အခဲများစွာဖြစ်နေ ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၂ ခုနှစ်နောက်ပိုင်း နိုင်ငံရေး၊ လုံခြုံရေးအရ ပြည်သူလူထုများ သွားလာနိုင် ခြင်းမရှိတော့သည့် ယခင်လမ်းဟောင်းအား သက်ဆိုင်ရာကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တွေနဲ့ တိုင်ပင်ညှိနှိုင်းပြီး KIA လက်နက်ကိုင်အဖွဲ့နဲ့ နှစ်ဖက်တိုင်ပင်ညှိနှိုင်းပြီး ၃၄ မိုင်လမ်းဟောင်းအား အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ပါရန်အတွက် လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူများကိုယ်စား မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ဆက်လက်ပြီးတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေးမှ မေးမြန်းထားတဲ့ ၂၀၁၂ ခုနှစ် နိုင်ငံရေးအခြေအနေ လုံခြုံရေးအရ ပြည်သူလူထုများသွားလာနိုင်ခြင်း မရှိတော့သည့် ချီဖွေ-ဆော့လော်လမ်းဟောင်း (လမ်းဦးစီး) ၃၄ မိုင်အရှည်လမ်း (ဇနောင်ယန်-ဖလ-ဆော့လော်)လမ်းအား ဆော့လော်ပြည်သူလူထု များ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ အခြားလူမှုရေးကိစ္စများ အဆင်ပြေနိုင်စေရန်နှင့် ပြည်သူ လူထုများ ငြိမ်းချမ်းစွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့မှ သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းပြီးတော့ ချီဖွေမှ ဆော့လော်မြို့သို့ ဆက်သွယ်ထားတဲ့ ၃၄ မိုင် လမ်းဟောင်းအား အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဖွင့်လှစ်ပေးနိုင်မည်ဆိုပါက မည်သည့်အချိန် တွင် ဖွင့်လှစ်ပေးနိုင်မည် သို့မဟုတ် မဖွင့်လှစ်နိုင်သေးပါကလည်း မည်သည့်အတွက်ကြောင့် မဖွင့်လှစ် ပေးနိုင်ခြင်းဖြစ်သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြ အပ်ပါတယ်။ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ ချီဖွေ-ဆော့လော်-မန်ကျီ-ဝဲလ်တန်လမ်းဟာဆိုရင် ချီဖွေ မြို့ကနေပြီးတော့ မိုင်တိုင် ၀/၀ ကနေပြီးတော့ ဝဲလ်တန် မိုင် ၉၀/၀ အထိ မိုင် ၉၀ ရှည်လျားပြီးတော့ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ ချီဖွေမှ ဆော့လော်အထိ ၃၄ မိုင် ရှည်လျားပြီးတော့ လက်ရှိလမ်းအနေအထားကတော့ အမာခံလမ်း ၃ မိုင်နဲ့ မြေလမ်း ၃၁ မိုင်ဖြစ်ပါ တယ်။ ချီဖွေ-ဆော့လော်-မန်ကျီ-ဝဲလ်တန်လမ်းတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မတိုင်မီ ယခင် ၁၅ နှစ် ကျော်ကာလအတွင်းကပင် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါဘူး။ ၂၀၁၁ ခုနှစ် မှစပြီးတော့ ချီဖွေမြို့အတွက် ကန်ပိုင်ယန်တံတား မိုင် ၀/၀ မှ ဆော့လော်မြို့ မိုင် ၃၄/၀ အထိ ၃၄ မိုင် လမ်းဟာ နယ်မြေလုံခြုံရေး အခြေအနေအရ ယနေ့အချိန်အထိ လုံးဝသွားလာ၍မရဘဲ ဆော့လော်မြို့ မိုင် ၃၄/၀ ကနေပြီးတော့ ဝဲလ်တန်မြို့ မိုင် ၉၀/၀ အထိသာ သွားလာ၍ရနေပါတယ်။ ချီဖွေမှ ဆော့လော်ကို သွားလာရာမှာ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးထားတဲ့ ချီဖွေ - လန်းယန် (တောင်သုံးလုံးလမ်း၊ စုစည်းလမ်း)အဲဒီလမ်းကိုသာ အသုံးပြု၍ သွားလာနိုင်ပါတယ်။ အဝါရောင်ဖြင့် ပြထားတဲ့လမ်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချီဖွေမှ ဆော့လော်သို့ ဆက်သွယ်ထားတဲ့ ချီဖွေ-ဆော့လော်လမ်းပိုင်း ၃၄ မိုင်အရှည်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့များသို့ ပေါင်းစပ်ညှိနှိုင်းပြီး နယ်မြေ

အခြေအနေအေးချမ်းတည်ငြိမ်မှုရရှိလာတဲ့အခါ ဆောင်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းများဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းကို လာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော် အဓိကမေးချင်တာက ဒီ ၃၄ မိုင်လမ်း၊ ပြီးခဲ့တဲ့ ကျွန်တော် လွှတ်တော်နားတဲ့အချိန်မှာ ဆော့လော်မှာသွားပါတယ်။ ဒါပေမဲ့ ပြည်သူတွေကတော့ တင်ပြတယ်။ ဒီ ၃၄ မိုင်လမ်းက ပြီးခဲ့တဲ့ ၂၀၁၂ မတိုင်ခင်မှာ သူတို့ချောချောမောမောနဲ့ သွားလာခဲ့ကြတယ်။ ဒါပေမဲ့ ၃၄ မိုင်လမ်းက ၂၀၁၂ ခုနှစ်နောက်ပိုင်းမှာ KIA နဲ့ တပ်မတော်နဲ့ တိုက်ပွဲဖြစ်တဲ့နောက်ပိုင်းမှာ KIA က မိုင်းထောင်ပြီးမှ ဒီလို လမ်းကိုပိတ်ထားတာဖြစ်တယ်လို့ ပြည်သူတွေကပြောပြတယ်။ အဲဒီအတွက် ကျွန်တော့်အနေနဲ့ မေးတာကလည်း တကယ်တမ်းကျတော့ ကျွန်တော်တို့ ဝန်ကြီးဖြေသွားတာက ကျွန်တော်တို့ဒီလမ်းကိုလုံခြုံရေး အခြေအနေကောင်းမွန်လာမယ်ဆိုရင်တော့ ကျွန်တော်တို့ပြုပြင်ပေးနိုင်မယ်။ လုံခြုံရေးအခြေအနေ မကောင်းမွန်တဲ့အတွက် ကျွန်တော်တို့ လောလောဆယ်ဆောင်ရွက်မပေးနိုင်သေးပါဘူးလို့ ဖြေပါတယ်။ အဲဒီအဆင့်ကလည်း ထပ်ပြီးမှကျွန်တော် နောင်အချိန်မှာ ကျွန်တော်တို့ ဒီလမ်းပွင့်သွားတဲ့အချိန်မှာ ကျွန်တော်ပြန်မေးဖို့ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ထပ်ဆင့်ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ဒီအခု စုစည်းလမ်းနဲ့ သွားမယ်ဆိုရင်တော့ ခရီးမိုင်ကအရမ်းရှည်လျားတဲ့အတွက် ပြည်သူတွေ တော်တော်လေးခက်ခဲတယ်။ ကျွန်တော်တို့ ကားကြီးဆိုရင်လည်း သွားလို့မရဘူး။ တွင်ပို့ကဆီပဲ သွားလို့ရတဲ့အတွက် တော်တော်လေးခက်ခဲပါတယ်။ လမ်းငယ်ကလည်း ဂငယ်အကွေ့တွေ တောင်တက်တောင်ဆင်းတော်တော်လေးကြမ်းတဲ့အတွက် ကျွန်တော့်အနေနဲ့ဝန်ကြီးကို ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်တာက ကျွန်တော်တို့ခုနလည်း ကျွန်တော်တစ်ခါပြောပြီးပြီ။ ကျွန်တော်တို့ ဒီနယ်စပ်ရေးရာဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး၊ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့အနေနဲ့ ကျွန်တော်တို့ အမြန်ဆုံးကျွန်တော်တို့တိုင်ပင်ပြီး ညှိနှိုင်းပြီးမှ လမ်းကိုပိတ်ထားတဲ့ KIA လက်နက်ကိုင် အဖွဲ့တွေအနေနဲ့ ကျွန်တော်တို့ နှစ်ဦးနှစ်ဖက်စေ့စပ်ညှိနှိုင်းနားလည်မှုရယူပြီးမှ ပြည်သူတွေသွားလာနိုင်အောင်

စီစဉ်ဆောင်ရွက်ပေးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိကို ကျွန်တော့်အနေနဲ့ ထပ်ဆင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဆော့လော်မဲဆန္ဒနယ်မှ ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးတဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုရင်တော့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကတော့ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ လမ်းတွေကို အကုန်လုံး ကောင်းစေချင်တဲ့ ဆန္ဒလည်းရှိပါတယ်။ လုပ်နိုင်တဲ့နေရာမှန်သမျှလည်း ကျွန်တော်တို့ တတ်နိုင်သလောက် ကြိုးစားပြီးတော့ ဆောင်ရွက်ပေးပါတယ်။ အထူးသဖြင့် နယ်စွန်နယ်ဖျားနေရာတွေမှာ ကျွန်တော်တို့ ပိုပြီးတော့ အားထည့်ပြီးတော့လည်း ဆောင်ရွက်ပေးလျက်တော့ရှိပါတယ်။ ဒီလမ်းနှင့်ပတ်သက်လို့တော့ ကျွန်တော်တို့ဌာနအနေနဲ့ အဲဒီနေရာကို လုံးဝချဉ်းကပ်လို့မရလို့သာလျှင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိတယ်ဆိုတာ ဒီနေရာကနေပြီးတော့ပဲ ဝမ်းနည်းစွာနဲ့ တင်ပြလိုပါတယ်။ ကျွန်တော်ခုနက တင်ပြလိုတဲ့အတိုင်းပါပဲ နယ်မြေလုံခြုံရေးသာ ကောင်းသွားမယ်ဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဤလမ်းပိုင်း ၃၄ မိုင်ကို အမြန်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ရာသီမရွေးသွားလို့လာလို့ရတဲ့ လမ်းတစ်ခုဖြစ်အောင် ဆောင်ရွက်ပေးမယ်ဆိုတာ တင်ပြလိုပါတယ်။

**တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ မင်းရဲကျော်စွာ ၅ လမ်း နှင့် ၆ လမ်းကြား ၇ ရပ်ကွက်ရှိမြေကွက်၊ မင်းရဲကျော်စွာ ၅ လမ်း(ခ)နှင့် ၉ လမ်း(ခ)ကြား ၇ ရပ်ကွက်ရှိ မြေကွက်နှင့် ပင်းယ ၁၇ လမ်းနှင့် ၁၈ လမ်းကြား ၅ ရပ်ကွက်ရှိ မြေကွက်တို့ကို မူလမြေကွက်အတိုင်း ဆက်လက်ထားရှိစေပြီး ဂရန်ချထားပေးခြင်း ဆောင်ရွက်မှုကို တားဆီးပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက် လာသောဧည့်သည်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

၁၉၅၈ ခုနှစ် တောင်ဥက္ကလာပမြို့နယ်ကို စတင်တည်ထောင်စဉ်ကပင် မြေကွက် တချို့ကို မီးတားမြေအဖြစ်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်တစ်ခုခုဖြစ်ပါက ရှောင်တိမ်းနိုင်ရန် ပလပ်မြေများအဖြစ်လည်းကောင်း ထားရှိခဲ့ပါသည်။ နှစ်ပေါင်းများစွာ ထိုကဲ့သို့တည်ရှိခဲ့သော်လည်း အစိုးရအသစ်အပြောင်းအလဲကာလတစ်ဝိုက်တွင် လူတချို့က ၎င်းမြေကွက်များအား ပိုင်ဆိုင်သည်ဟု ပြောဆိုကာ ခြံစည်းရိုး ခတ်ခြင်း၊ သတင်းစာများတွင် ဂရန်လျှောက်ရန်အတွက် မြေငှားခြင်းများပြုလုပ်လာကြသည့် အတွက် ရပ်ကွက်နေပြည်သူများမှ ကန့်ကွက်ခြင်း၊ ဌာနဆိုင်ရာများသို့ တိုင်ကြားခြင်းများဆက်တိုက်ပြုလုပ်နေကြပါသည်။ သို့ဖြစ်ပါ၍ မြို့နယ်၏လိုအပ်ချက်အရ နှစ်ပေါင်းများစွာ မီးတားမြေ၊ ပလပ်မြေအဖြစ်တည်ရှိခဲ့သော မြေကွက်များအား မူလအတိုင်းထားရှိပေးပါရန်နှင့် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ မင်းရဲကျော်စွာ ၅ လမ်းနှင့် ၆ လမ်းကြား၊ ၇ ရပ်ကွက်ရှိ မြေကွက်၊ ၅ လမ်း(ခ)နှင့် ၉ လမ်း(ခ)ကြား၊ ၇ ရပ်ကွက်ရှိ မြေကွက်နှင့် ပင်းယ ၁၇ လမ်းနှင့် ၁၈ လမ်းကြားမှာရှိတဲ့ ၅ ရပ်ကွက်မြေကွက်တို့သည် တောင်ဥက္ကလာပမြို့နယ် စတင်တည်ထောင်စဉ်ကပင် လိုအပ်ချက်အရ မြေကွက်အလွတ်များအဖြစ် တည်ရှိခဲ့ခြင်းဖြစ်သဖြင့် မူလမြေကွက်အတိုင်း ဆက်လက်ထားရှိစေပြီး ဂရန်ချထားပေးခြင်းဆောင်ရွက်မှုကို တားဆီးပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့လာသော ဖြေကြားချက်အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းပါမြေနေရာများသည် တောင်ဥက္ကလာပမြို့နယ်၊ ၇ ရပ်ကွက်၊ မင်းရဲကျော်စွာ ၅ လမ်း(က)နှင့် ၆ လမ်း(က)ကြား မြေကွက်အမှတ် (၁၆၇/အေ)၊ (၁၆၇/ဘီ)၊ မင်းရဲကျော်စွာ ၅ လမ်း(ခ)နှင့် ၉ လမ်း(ခ) ကြား မြေကွက်အမှတ် (၅၄၃-အေ)၊ (၅၄၄-အေ)၊ (၅၄၄-ဘီ)နှင့် တောင်ဥက္ကလာပမြို့နယ်၊ ၅ ရပ်ကွက်၊ ပင်းယ ၁၇ လမ်းနှင့် ၁၈ လမ်းကြား မြေကွက်အမှတ်(၁၀၁၇-အေ)ရှိမြေကွက်များဖြစ်ပါတယ်။ အဆိုပါ မြေကွက်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်း(Town Land Roll)နှင့် မြေငှားခ စည်းကြပ်မှုစာရင်း(Assessment Roll) တို့တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ယခင်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)မှ လွှဲပြောင်းပေးအပ်စဉ်ကတည်းက မှတ်သားပါဝင်ခြင်းမရှိဘဲ မြို့ကွက်ကျ မြေပုံ(Block Map)တွင် မြေကွက်အမှတ် ရေးထိုးထားခြင်းမရှိသည့် မြေကွက်လပ်နေရာများဖြစ်ပြီး တော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသော မြေနေရာများဖြစ်ပါတယ်။ ယခင် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၏ ၉-၄-၂၀၁၅ ရက်စွဲပါစာဖြင့် တောင်ဥက္ကလာပမြို့နယ်၊ ရပ်မိရပ်ဖ ၁၃ ဦး၏ မိသားစုအခြေချနေထိုင်နိုင်ရေး မြေနေရာချထားခွင့်လျှောက်ထားလာမှုအပေါ် စိစစ်ဆောင်ရွက်ပြီး နောက် ၂၇-၇-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များအစည်းအဝေးအမှတ်စဉ်(၂၇/၂၀၁၅)ဆုံးဖြတ်ချက်အပိုဒ် (က/၄၅)ဖြင့် သတ်မှတ် ဝန်ဆောင်ခနှုန်းပေးသွင်းစေလျက် ဖော်ပြပါမြေကွက်များအား မြေချပါမစ် ခွင့်ပြုချထားပေးခဲ့ခြင်း ဖြစ်ပါတယ်။

အစည်းအဝေးဆုံးဖြတ်ချက်အရ မြေကွက်အမှတ်(၁၆၇-အေ)နှင့် (၁၆၇-ဘီ)တို့အား ဦးသိန်းကျော်အောင်နှင့် ဦးစိန်အောင်တို့ နှစ်ဦးသို့လည်းကောင်း၊ မြေကွက်အမှတ်(၅၃၄-အေ)၊ (၅၄၄-အေ)၊ (၅၄၄-ဘီ) တို့အား ဒေါ်နီလာ၊ ဒေါ်စောမြတ်မိုးလှိုင်နှင့် ဒေါ်ရင်ကြည်တို့ သုံးဦးသို့လည်းကောင်း၊ မြေကွက်အမှတ်(၁၀၁၇-အေ)အား ဒေါ်သီတာလွင်သို့လည်းကောင်း မြေချပါမစ် ခွင့်ပြုချထားပေးခဲ့ ပါတယ်။ မင်းရဲကျော်စွာ ၅လမ်း(ခ)နှင့် ၉ လမ်း(ခ)ကြားရှိ မြေကွက်အမှတ်(၅၃၄-အေ)၊ (၅၄၄-အေ)၊ (၅၄၄-ဘီ) မြေကွက်သုံးကွက်အား မြေချပါမစ် အမည်ပေါက်များထံမှ စာချုပ်အဆက်ဆက်များဖြင့် ရရှိသူ ဒေါ်အေးအေးခိုင်မှ မြေငှားစာချုပ်(ဂရန်)လျှောက်ထားမှုအားလည်းကောင်း၊ ပင်းယ ၁၇

လမ်းနှင့် ၁၈ လမ်းကြားရှိ မြေကွက်အမှတ်(၁၀၁၇/အေ)၏ မြေချပါမစ် အမည်ပေါက် ဒေါ်သီတာလွင် ကိုယ်တိုင်မှ မြေငှားစာချုပ်ဂရန် တင်ပြလျှောက်ထားလာခြင်းအားလည်းကောင်း၊ လက်ရှိအခြေအနေတွင် မြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး၏ ကြယ်ပွင့်ပြမေးခွန်းပါမြေနေရာများအား မြေငှားစာချုပ်ဂရန်/မြေချပါမစ် စိစစ်ခွင့်ပြုထုတ်ပေးခဲ့ခြင်းများသည် မေးခွန်းတွင်ဖော်ပြပါရှိသကဲ့သို့ တောင်ဥက္ကလာပမြို့နယ် စတင်တည်ထောင်စဉ်ကတည်းက မီးတားမြေ၊ ပလပ်မြေများအဖြစ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ယခင်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)မှ ၁၉၉၂ ခုနှစ်ခန့် ကာလများတွင် လွှဲပြောင်းပေးအပ်ခဲ့သော မြို့ကွက်ကျမြေပုံ(Block Map)တွင် မှတ်သားတည်ရှိခဲ့ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည့်အပြင် မြေပြင်တွင်လည်း မြို့ကွက်ကျတည်ရှိမှုကို ထိခိုက်ဟန့်တားမှုမရှိဘဲ တည်ရှိသောမြေကွက်လပ်မြေနေရာများဖြစ်သဖြင့် ၎င်းလွှဲပြောင်းပေးအပ်စဉ်က မြို့မြေစာရင်း (Town Land Roll) နှင့် မြေငှားခစည်းကြပ်မှုစာရင်း(Assessment Roll)တို့တွင် မှတ်သားပါဝင်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါမြေငှားစာချုပ်ဂရန်/မြေချပါမစ် ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းသည် ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ၏ ပုဒ်မ ၁၅ ပုဒ်မခွဲ(က)တွင် ကော်မတီသည် ဤဥပဒေနှင့် တည်ဆဲဥပဒေများနှင့်အညီ ကော်မတီပိုင်မြေများ၊ ကော်မတီကစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများ၊ တည်ဆဲဥပဒေနှင့်အညီ သိမ်းယူထားသောမြေများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ လွှဲပြောင်းရယူထားသောမြေများကိုလည်းကောင်း၊ ပုဂ္ဂလိကပိုင်မြေများနှင့် မြေငှားစာချုပ်ဖြင့်ဖြစ်စေ၊ လိုင်စင်ဖြင့်ဖြစ်စေ၊ ပါမစ်ဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကအားနေထိုင်ခွင့်အသုံးပြုခွင့်ပေးထားသော မြေများကိုလည်းကောင်း စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ ပုဒ်မ ၁၅ ပုဒ်မခွဲ(ဂ)တွင် မြေငှားစာချုပ်များ၊ လိုင်စင်များ၊ ပါမစ်များထုတ်ပေးခြင်း၊ သက်တမ်းသတ်မှတ်၍ နေထိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် စည်းကမ်းဖောက်ဖျက်ပါက ယင်းတို့ကို ဖျက်သိမ်းခြင်းပြုလုပ်နိုင်သည်။ ပုဒ်မ ၁၅ ပုဒ်မခွဲ(ဃ)တွင် မြို့တော်အင်္ဂါရပ်နှင့် ညီညွတ်ခြင်းမရှိသည့်မြေနေရာများကို စနစ်တကျ မြို့ကွက်ရိုက်ခြင်းနှင့် ပြန်လည်နေရာချထားခြင်းပြုနိုင်သည် ဟု အတိအလင်းဖော်ပြပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းပါ မြေနေရာများအား မြေငှားစာချုပ်ဂရန်/မြေချပါမစ်ခွင့်ပြုထုတ်ပေးခဲ့ခြင်းများသည်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စိစစ်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းလေးမေးခွင့်ပြုပါခင်ဗျား။ စိတ်ရှည်လက်ရှည်ဖြေကြားပေးခဲ့တဲ့ ဝန်ကြီးကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိတယ်ဆိုပြီးတော့ အများနှင့်သက်ဆိုင်တဲ့မြေတွေကို ရပ်ကွက်နေပြည်သူများ ကန့်ကွက်နေတဲ့ကြားထဲက မြေငှားပါမစ်များ ချထားပေးနေတာ အဲဒီလို ပေးပိုင်ခွင့်ရှိလားသိချင်ပါတယ်။ မြေကွက်တစ်ကွက်ဆိုရင် ကျန်ခဲ့တဲ့ တစ်လကျော်နှစ်လလောက်ကမှ မြေငှားပါမစ်ကနေပြီးတော့ မြေငှားဂရန်ချထားပေးလိုက်တယ်လို့ သိရှိရပါတယ်။ ဝန်ကြီးဖြေကြားချက်အထဲမှာ ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမည်နဲ့ လျှောက်ထားတယ်လို့လည်း သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဓာတ်ပုံလေးတစ်ချက်လောက် သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့အခု ပုံမှာပြထားသလိုပဲ အနီရောင်မြေကွက်က သူတို့လျှောက်ထားတဲ့မြေကွက်ဖြစ်ပါတယ်။ မီးတားမြေဟာ ကျွန်တော်တို့ ပုံမှာပြထားသလိုပဲ ဟိုးအရှည်လိုက်ကြီး သူကတည်ရှိနေတာဖြစ်ပါတယ်။ အနီရောင်ချယ်ထားတဲ့မြေကွက်အနောက်ခြမ်းမှာ မြေကွက်တွေလည်း ကျန်နေပါသေးတယ်။ အဲဒီကျန်နေတဲ့ မြေကွက်အလွတ်တွေကို လွှတ်တော်ကိုယ်စားလှယ်တွေလျှောက်ရင်ရော ထပ်ပေးအုံးမှာလား။ အဲဒီလိုပေးမယ်ဆိုရင် ကိုယ်စားလှယ်တွေအကျင့်ပျက်အောင် ဖန်တီးပေးသလိုဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ အများနဲ့သက်ဆိုင်တဲ့မြေတွေကို ဂရန်ချထားပေးတာကို အလေးအနက်ထားပြီးတော့ ပြန်လည်သုံးသပ်ပြီးဆောင်ရွက်ဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ နောက်တစ်ခုက ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ဝန်ကြီးဖြေသွားတဲ့ ၉ ရပ်ကွက်အားကစားပန်းခြံမြေကွက်၊ အခုမြေကွက်နဲ့အခြားမြေကွက် စုစုပေါင်း ၁၁ ကွက်ကို ပြည်သူများရဲ့တောင်းဆိုချက်အရ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရခြင်းမှ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့လည်း ပြန်လည်စိစစ်ပေးဖို့ တင်ပြထားတာရှိပါတယ်။ ကော်မတီရဲ့ဆုံးဖြတ်ချက်မကျသေးခင်အထိတော့ မြေကွက်တွေမှာ အဆောက်အဦဆောက်လုပ်ခွင့် မပေးသေးဖို့ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်ပြည်သူများကိုယ်စား မေတ္တာရပ်ခံတောင်းဆိုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။ မိုက်ပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ထပ်ဆင့်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ မှတ်သားထားပါတယ်။ နားလည်း လည်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ပြန်လည်မေးမြန်းပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံ ပြန်လည်တင်ပြမယ်လို့ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးဝိစာရလမ်းကို ၂၀၁၅ ခုနှစ်အတွင်းက ကတ္တရာကွန်ကရစ် တန် ၁၇၀ အသုံးပြုပြင်ဆင်ခဲ့ခြင်းနှင့်ပတ်သက်၍ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ခြင်းနှင့် ကြားသက်သေများကို ခေါ်ယူစစ်ဆေးခဲ့ခြင်းရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီး များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးဝိစာရလမ်းကို ၂၀၁၅ ခုနှစ် အတွင်း ကတ္တရာကွန်ကရစ် တန် ၁၇၀ အသုံးပြုပြင်ဆင်ပေးထားသည်ဟု ပြည်သူ့လွှတ်တော် ကြယ်ပွင့်ပြမေးခွန်း ဖြေကြားချက်အပေါ် ထိုကတ္တရာ တန် ၁၇၀ အဘယ်သို့ ပျောက်ဆုံးသွားပါသလဲလို့ ကြယ်ပွင့်မပြ မေးခွန်းအပေါ် ပြန်လည်ဖြေကြားရာတွင် အဖွဲ့ဖြင့် ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ခြင်းရှိ/မရှိ နှင့် ကြားသက်သေများကို ခေါ်ယူစစ်ဆေးခဲ့ခြင်းရှိ/မရှိ သိလိုပါကြောင်း မေးထားတဲ့မေးခွန်းဖြစ်ပါ တယ်။ မေးခွန်းဖြစ်ပေါ်လာပုံကို အနည်းငယ် တင်ပြခွင့်ပြုပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီလွှတ်တော်ထဲကို ရောက်တဲ့အခါမှာ ကျွန်တော်တို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရဲ့ အင်မတန် အရေးပါတဲ့လမ်းတစ်လမ်း၊

လူအသုံးများတဲ့ လမ်းဖြစ်တဲ့ဦးဝိစာရလမ်း။ အဲဒီ ဦးဝိစာရလမ်းက အင်မတန်ဆိုးရွားစွာ ပျက်စီးနေတဲ့အတွက် အဲဒီမှာရှိတဲ့လူတွေက ကျွန်တော့်ကိုတောင်းဆိုကြပါတယ်။ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ လွှတ်တော်မှာပြောပေးပါ။ အဲဒီတော့ ကျွန်တော်က ဒီဦးဝိစာရလမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာပြင်ဆင်ဖို့ ဘတ်ဂျက်မပါလာဘူး။ မပါလာတော့ ဘယ်တော့ပြင်ပေးမှာ လဲ၊ ဘယ်တော့တိုးချဲ့ပြင်ဆင်ပေးမှာလဲလို့ ကျွန်တော် ကြယ်ပွင့်ပြမေးခွန်းမေးတဲ့အခါမှာ လာပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးပဲဖြေသွားပါတယ်။ ဖြေသွားတဲ့အခါမှာ အဲဒီလမ်းကို ၂၀၁၅ ခုနှစ် ဩဂုတ်လ၊ စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ ငါးလမှာ ကတ္တရာ တန် ၁၇၀ အသုံးပြု ပြီးပြင်ဆင်ပေးထားပြီးဖြစ်တဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ပေးနိုင်ခြင်းမရှိဘူး။ နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှသာလျှင် တိုးချဲ့ပြင်ဆင်ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားပါတယ်။ အဲဒီအခါမှာ ကျွန်တော် တော်တော်အံ့အားသင့်သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလမ်းနားမှာ ကျွန်တော်နေတဲ့သူပါ။ ကျွန်တော်က (၄၁)တိုးချဲ့ရပ်ကွက်မှာနေတယ်။ ကျွန်တော်တို့ရပ်ကွက်အပြင်ထွက်ရင် အဲဒီလမ်းပေါ်မတက်ဘဲ ဘယ်ကိုမှထွက်လို့မရဘူး။ အဲဒီတော့ အဲဒီလမ်းပေါ်မှာ နေ့စဉ်နဲ့အမျှ ကျွန်တော် သွားနေရတဲ့လူတစ်ယောက်ပါ။ အဲဒီတော့ သွားနေရတာ အဲဒီ တန် ၁၇၀ လောက်များတဲ့ကတ္တရာတွေ လာပြီးပြုပြင်တာ ကျွန်တော် တစ်ခါမှမတွေ့ပါဘူး။ မတွေ့တဲ့အတွက် ကျွန်တော်က ဒီဥစ္စာကိုလည်း ကျွန်တော် စွပ်စွပ်စွဲစွဲမလုပ်ချင်တဲ့အတွက် ကြယ်ပွင့်မပြမေးခွန်းနဲ့ ထပ်ပြီးမေးပါတယ်။ အဲဒီ တန် ၁၇၀ က လမ်းပေါ်ရောက်မလာပါဘူး။ အဲဒီကတ္တရာတွေ ဘယ်သို့ ပျောက်ဆုံးသွားတယ်ဆိုတာ သိလိုပါတယ်။ အဲဒီလိုစစ်ဆေးတဲ့အခါမှာ အဲဒီရဲ့ ရပ်ကွက်အကြီးအကဲတွေဖြစ်တဲ့ (၃၄)ရပ်ကွက်၊ (၄၁)ရပ်ကွက်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ (၄၂)ရပ်ကွက်ရဲ့ရပ်ကွက်အုပ်ချုပ်ရေးမှူးများအပြင် မဟာမြိုင်သာယာရေးကော်မတီ၊ တော်ဝင်သာယာရေးကော်မတီ၊ စက်မှုဇုန်သာယာရေးကော်မတီကို ခေါ်ယူမေးမြန်းသင့်ပါတယ်လို့ ကျွန်တော်ကမေးခွန်းမေးခဲ့ပါတယ်။ မေးခွန်းမေးတဲ့အခါ မှာပြန်ဖြေပါတယ်။ အဲဒီအဖြေက On paper အဖြေပဲဖြေတယ်။ ဘယ်နေ့တုန်းက ဘယ်ချိုင့်လေးကို လာဖြည့်တာ ဘယ်နှစ်တန်ကုန်တယ် ဖြေသွားပါတယ်။ အဲဒီတော့ တန် ၁၇၀ အတိဖြေလိုက်တယ်။ ဖြေလိုက်တဲ့အခါမှာ မြေပြင်ကိုဆင်းကြည့်တယ်လို့လည်းမပါဘူး။ အဖွဲ့ဖွဲ့ပြီးစုံစမ်းစစ်ဆေးတယ်လည်း မပါဘူး။ Third Party ဖြစ်တဲ့ ကြားသက်သေခေါ်ပြီး မေးမြန်းတာလည်းမပါဘူး။ အဲဒါကြောင့်မို့ ဒီမေးခွန်းကို ကျွန်တော်ထပ်မေးရခြင်းဖြစ်ပါတယ်။ အဲဒီတော့ တန် ၁၇၀ ဆိုတဲ့ကတ္တရာ

ဘယ်လောက်များလဲ။ ကျွန်တော် အင်ဂျင်နီယာမဟုတ်ပါဘူး။ အဲဒီတော့ လေ့လာစုံစမ်းရပါတယ်။ အဲဒီတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက အရာရှိကြီးတွေကဖြေတာ နိုင်လွန်ကတ္တရာ အဲဒီလမ်းက ၁၆ ပေကျယ်တယ်။ တစ်မိုင်ကျော်ကျော်လေးရှည်တယ်။ ၁.၁ မိုင်ရှိပါတယ်။ အဲဒီတော့ ၁.၁ မိုင်ရှိတဲ့လမ်းကို ကတ္တရာခင်းမယ်၊ နိုင်လွန်ကတ္တရာထပ်ပိုးလွှာတင်မယ်၊ အောက်ကကွန်ကရစ်လမ်းက အမာခံရပြီးသား။ အဲဒါက တော်တော်ကောင်းတယ်။ ကားအသွားအလာများလို့သာ ချိုင့်ကျင်းလေးတွေဖြစ်လာတာ၊ ဖြစ်လာတဲ့အချိန်မှာ မေးလိုက်တဲ့အခါ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဘာပြန်ဖြေသလဲဆိုလို့ရှိရင် လူကြီးတွေက တန် ၄၀ သုံးရပါတယ်တဲ့။ တစ်လက်မအထူ တန် ၄၀ သုံးရပါတယ်။ အဲဒီတော့ ခုနက တန် ၁၇၀၊ ၁၆၀ ပဲထားလိုက်ပါ။ လေးလက်မအထူ နိုင်လွန်ကတ္တရာလမ်းကြီးခင်းလို့ရတယ်။ ဒါပေမဲ့ ဒီနေ့ မြေပြင်ကိုဆင်းကြည့်ပါ။ အဲဒီကွန်ကရစ်လမ်းက ချိုင့်လေးတွေဖာထားတာတော့မှန်ပါတယ်။ သို့သော်ငြားလည်း ဘာလဲဆိုတော့ နဂိုမူလကွန်ကရစ်လမ်းက ၆၀ ရာခိုင်နှုန်း၊ ၇၀ ရာခိုင်နှုန်းလောက်က နဂိုကွန်ကရစ်လမ်းပဲဖြစ်တယ်။ အဲဒီတော့ ပြန်အဖြေမှာလည်း ဘာရေးထားသလဲဆိုတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဝိစာရလမ်းမှာ စုစုပေါင်းပေ ၅၉၀၀ ခန့်ရှိပါသည်။ တစ်လမ်းလုံးအားပြုပြင်ခဲ့ခြင်းမဟုတ်ပါကြောင်းနှင့် လမ်းတစ်လျှောက် လမ်းပေါက်များဖြစ်သော ချိုင့်ဝှမ်းငယ်များကိုသာ ကတ္တရာကွန်ကရစ်လမ်းပေါက်ဖာခဲ့ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အဲဒီတော့ တစ်မိုင်လောက်ရှည်တဲ့လမ်းလေးမှာရှိတဲ့ အပေါက်လေးတွေကိုလိုက်ဖာတာ ကတ္တရာ တန် ၁၇၀ ကုန်တယ်။ အဲဒီအဖြေမှာလည်း ဘာပါသလဲဆိုတော့ စုံစမ်းစစ်ဆေးခဲ့တာလည်းမပါဘူး။ နောက်တစ်ခုက Third Party လို့ခေါ်တဲ့ကြားအဖွဲ့အစည်းတွေကိုလည်း မမေးခဲ့တဲ့အတွက် အဲဒါကိုမေးမြန်းစုံစမ်းခဲ့ပါသလားဆိုတာကို ကျွန်တော်မေးထားခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်မောင်မှ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဦးဝိစာရလမ်းကို ၂၀၁၅ ခုနှစ်အတွင်း ကတ္တရာကွန်ကရစ် တန် ၁၇၀ အသုံးပြု၍ပြင်ဆင်ပေးထားပါသည်ဟု ကြယ်ပွင့်ပြ မေးခွန်းဖြေကြားချက်အပေါ် ထိုကတ္တရာ ကွန်ကရစ် တန် ၁၇၀ အဘယ်သို့ပျောက်ဆုံးသွားပါသလဲဟု ကြယ်ပွင့်မပြမေးခွန်းအဖြစ် ပြန်လည်ဖြေကြားရာတွင် အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးစုံစမ်းခဲ့ခြင်းရှိ/မရှိ နှင့် ကြားသက်သေများကို ခေါ်ယူစစ်ဆေးခဲ့ခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှပေးပို့လာသော ဖြေကြားချက်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးဝိစာရလမ်းကို ၂၀၁၅ ခုနှစ်အတွင်း အသုံးပြုပြင်ဆင်ပေးခဲ့တဲ့ကတ္တရာကွန်ကရစ် ၁၇၀ တန် နှင့်ပတ်သက်ပြီးတော့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူးရုံးတွင် (က) ဦးမြင့်ဦး၊ ဒုတိယ ဌာနမှူး၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ (ခ) ဦးကျင်အုန်း၊ လက်ထောက်ဌာနမှူး၊ အင်ဂျင်နီယာ ဌာန(လမ်းနှင့်တံတား)၊ ဦးအောင်စိုး၊ ဌာနခွဲမှူး၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ဦးမြတ်မော်ဦး၊ မြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးသက်နောင်၊ ဌာနစုမှူး၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ဦးစိုးသီဟလင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ (၄၁)ရပ်ကွက်၊ ဒဂုံ မြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးလှထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ (၄၁)တိုးချဲ့ရပ်ကွက်(မဟာမြိုင်/ တော်ဝင်အိမ်ရာ)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစိုးနိုင်အောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ (၃၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးခင်မောင်စီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ (၄၂)ရပ်ကွက်၊ ဒဂုံ မြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးကိုကိုကြီး၊ ဥက္ကဋ္ဌ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်စီးပွားရေးဖွံ့ဖြိုးမှုဇုန်၊ ဦးဇော်နိုင်၊ ဒုတိယဥက္ကဋ္ဌ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်စီးပွားရေးဖွံ့ဖြိုးမှုဇုန်တို့ပါဝင်ပြီး ရှင်းလင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ရှင်းလင်းဆွေးနွေးခဲ့ရာမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှလည်း ဦးဝိစာရလမ်းတွင် ကတ္တရာကွန်ကရစ်ဖြင့် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်မှုကို တွေ့ရှိခဲ့ ကြကြောင်းနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများမှလည်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း တင်ပြခဲ့ကြပါ တယ်။ ဒါ့အပြင် စက်မှုဇုန်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့မှလည်း စက်မှုဇုန်နယ်နိမိတ်အတွင်း လမ်းပေါက်

ဖာခြင်းလုပ်ငန်းဆောင်ရွက်သည်မှာ မှန်ကန်သည်ဟုတင်ပြခဲ့ကြောင်း ရှင်းလင်းဆွေးနွေးမှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ထပ်ဆင့်မေးခွန်းမေးခွင့်ပြုပါ။ အခုလို စိတ်ရှည်လက်ရှည်ဖြေသွားတဲ့ ဆောက်လုပ်ရေးဝန်ကြီးအားလည်း ကျွန်တော် အထူးကျေးဇူးတင်ပါတယ်။ ဗမာစကားရှိပါတယ်။ အိပ်ချင်ယောင်ဆောင်နေတဲ့လူက နှိုးရခက်တယ်။ ကျားကိုက်ပါတယ်ဆိုတာ နာတာရှည်လားလို့မေးတဲ့ လူတွေရှိတယ်။ တစ်မိုင်လောက်ရှိတဲ့လမ်းလေးကို အပေါက်လေးတွေလိုက်ဖာတာ ကတ္တရာ တန် ၁၇၀ ကုန်တယ်ဆိုတဲ့စကားကို ယုံကြည်ကြရဲ့လား။ ကျွန်တော်တို့က အဲဒီမှာနေတဲ့ပြည်သူ။

**ဥက္ကဋ္ဌ**။ ။ တစ်ဆက်တစ်စပ်တည်းမေးပါ။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ အဲဒီတော့ မေးတာ အဲဒီဥစ္စာကို အဖွဲ့နဲ့စုံစမ်းတာ ဒီနေ့အဖြေထိမပါခဲ့ဘူး။ မေးပါတယ်။ အဲဒီနေ့အစည်းအဝေးဖိတ်တာ လည်း ကျွန်တော်သိပါတယ်။ အဲဒီတုန်းက ကျွန်တော် ရန်ကုန်မှာရှိတယ်။ ဖိတ်တဲ့အခါမှာ သူတို့က သူတို့နဲ့ညှိနိုင်းပြေလည်မယ့်လူကိုပဲ ရွေးဖိတ်တယ်။ အဲဒီမှာ တော်ဝင်အိမ်ရာသာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မဟာမြိုင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မဟာမြိုင်ဈေးဥက္ကဋ္ဌ၊ အဲဒီလိုခေါင်းမာမယ့်လူတွေကို မဖိတ်လိုက်ပါဘူး။ အဲဒါကြောင့်မို့ ဒီဥစ္စာကို အဖွဲ့နဲ့ထပ်မံစစ်ဆေးပေးဖို့ရှိ/မရှိသိလိုပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်မေးမြန်းမှာဖြစ်ပြီးတော့ ရရှိတဲ့အဖြေကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ပြန်လည် တင်ပြမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ မေးခွန်းရှင်အနေနဲ့လည်း ကျွန်တော်တို့ မေးခွန်းနဲ့ပတ်သက်တဲ့စည်းကမ်းချက်တွေကိုတော့ သတိပြုဖို့တော့လိုပါတယ်။ ဒါဟာ အခုဆွေးနွေးမှ ပေါ်လာလို့ပါ။ ဆွေးနွေးလိုက်တဲ့အခါကျတော့ ဒီမေးခွန်းကို ကြယ်ပွင့်မပြမေးခွန်းနဲ့မေးခဲ့ပြီးပြီ။ ဖြေကြားခဲ့ပြီးပြီလို့ပြောတယ်။ ဒီမှာ ကျွန်တော်တို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာ လွှတ်တော်တွင်ဖြေဆိုပြီးဖြစ်တဲ့မေးခွန်းနဲ့ သဘောထားချင်းတူညီတဲ့ မေးခွန်း သို့မဟုတ် ဖြေဆိုရန်ငြင်းဆိုပြီးတဲ့မေးခွန်း မေးမြန်းခွင့်မရှိပါဘူး။ ဒါကြောင့်မို့လို့ ဒါလေးတွေကိုလည်း ကျွန်တော်တို့ဂရုပြုဖို့လိုပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ဒီမှာ မေးခွန်းမှာဘာပါသလဲဆိုတဲ့အခါကျတော့ ခုနကပြောသလို ၂၀၁၅ ခုနှစ်အတွင်းက ကတ္တရာကွန်ကရစ် တန် ၁၇၀ အသုံးပြုခဲ့ခြင်းရှိ/မရှိ စသည်ဖြင့် ဒီလိုနက်နက်နဲနဲမေးခွန်းမျိုးဖြစ်သင့်တယ်။ ဒီမှာက အခုကျတော့ အဲဒါနဲ့ပတ်သက်ပြီးတော့မှဆက်လာတာက၊ အဲဒါနဲ့ပတ်သက်ပြီးတော့မှ ကွင်းဆင်းစုံစမ်းခြင်း၊ ကြားသက်သေခေါ်ယူခြင်းရှိ/မရှိ ဆိုတော့ ကွင်းဆင်းစုံစမ်းတာ၊ ကြားသက်သေခေါ်တာအဓိကဖြစ်သွားတယ်။ ဒါကို Inquiry လုပ်ခြင်းရှိ/မရှိမေးသလိုဖြစ်သွားတယ်။ အဲဒါမျိုးလေးတွေ ကျွန်တော်တို့ မေးခွန်းရှင်တွေအနေနဲ့လည်း သတိပြုပေးပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုဟာမျိုးဆိုရင် မေးခွန်းက စည်းကမ်းချက်ထဲမှာပါတဲ့ အသေးအဖွဲကိစ္စဖြစ်သွားရင် တကယ်တော့ မေးခွင့်တောင်မရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကြားသက်သေခေါ်သလား၊ ကွင်းဆင်းပြီးစုံစမ်းလား၊ ရှိလား/မရှိလားမေးခွန်းဖြစ်သွားတယ်။ လိုရင်းက အဲဒီမေးခွန်းဖြစ်သွားတယ်။ အဲဒါမျိုးကျတော့ ကျွန်တော်တို့ မေးခွန်းရှင်တွေအနေနဲ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေမှာပြဋ္ဌာန်းထားတဲ့စည်းကမ်းချက်ကလေးကိုလည်း အထူးသတိပြုပေးပါ။

**တမူးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်သို့ဆက်သွယ်ဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကက်သာ-အောင်ဇေယျလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူး

ခရိုင်၊ တမူးမြို့နယ်နှင့် ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်သို့ ဆက်သွယ်ဖောက်လုပ်ထားတဲ့ ပြည်ထောင်စု လမ်းမကြီးပေါ်မှာရှိတဲ့ ကက်သာ-အောင်ဇေယျကားလမ်းပိုင်းကို ရာသီမရွေးသွားလာနိုင်တဲ့ လမ်းမကြီးအဖြစ် ဘယ်လိုစီစဉ်ဆောင်ရွက်ပေးမလဲဆိုတာ သိရှိလိုခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ တမူးမြို့နယ်နဲ့ ဟုမ္မလင်းမြို့နယ်ထဲကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ ကက်သာ-အောင်ဇေယျလမ်းပိုင်းကို တိုင်းဒေသကြီးရန်ပုံငွေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၉၆၀.၇၁၉ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၇၀၅.၀၄ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ၁၃၂၃.၄၉၅ သန်း၊ ဒီနှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ၁၈၀၇.၄၁၆ သန်းနှင့် နှစ်အလိုက်အကောင်အထည် ဖော်ဆောင်ရွက်လာတာ တွေ့ရပါတယ်။ ဒါပေမဲ့ ဒီနေ့အထိ မော်တော်ယာဉ်တွေ အဆင်ပြေစွာသွားလာ နိုင်ခြင်းမရှိသေးပါဘူး။ အထူးသဖြင့် မိုင်တိုင်(၁၇)နှင့်(၃၆)အကြားမှာ အဆိုးဆုံးဖြစ်ပါတယ်။ ပွင့်လင်းရာသီမှာလည်း အထူပြုပြင်ထားတဲ့ ဂျစ်ကားတွေ၊ မြေသယ်ယာဉ်တွေလောက်သာ သွားလာနိုင်တာဖြစ်ပါတယ်။ ဒီစီမံကိန်းက တိုင်းဒေသကြီးဘတ်ဂျက်မှဖြစ်ပေမယ့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ အလေးထားသတိပြုမိစေ လိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။

ပိုမိုရှင်းလင်းစွာတင်ပြနိုင်ရန် Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ကက်သာ-အောင်ဇေယျကားလမ်းပိုင်းပေါ်မှာ တည်ဆောက်နေတဲ့တံတားဖြစ်ပါတယ်။ ဒါလည်း အခုလက်ရှိတည်ဆောက်နေတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အရင်တည်ဆောက်ထားတဲ့ ဘေလီတံတား ဖြစ်ပါတယ်။ ဒါကတော့ အခုလက်ရှိလမ်းအခြေအနေဖြစ်ပါတယ်။ အင်မတန်မှ လမ်းက ကျဉ်းပါတယ်။ ဒါကတော့ လက်ရှိလမ်းအခြေအနေပါ။ ဒီလမ်းပိုင်းတွေဟာ အင်မတန်ကို လမ်းအနေ အထားအကျယ်အဝန်းက အင်မတန်ကျဉ်းပါတယ်။ ဒါက လက်ရှိလမ်းအနေအထားပါ။ ဒါကတော့ လက်ရှိတောင်ကိုဖြို့နေတဲ့အနေအထားပါ။ ဒီမှာကြည့်မယ်ဆိုရင် တစ်ဖက်ကကမ်းပါးယံရှိတယ်။ တစ်ဖက်က ချောက်ကမ်းပါးရှိတယ်။ အင်မတန်ကိုကျဉ်းမြောင်းပါတယ်။ အဲဒီကုန်းဆင်း ဆင်းမယ် ဆိုရင်လည်း ဟိုးအဝေးမှာမြင်နေရတဲ့လမ်းပိုင်းဟာ အင်မတန်မှကို လမ်းကကျဉ်းမြောင်းတဲ့အတွက် ကားနှစ်စီးမပြောနဲ့ တစ်စီးတောင်မှ အင်မတန်သတိထားသွားရမယ့်အခြေအနေမျိုးပါ။ ဒါကတော့ ခုနကကျွန်တော်တင်ပြထားတဲ့ အထူးပြုပြင်ထားတဲ့ဂျစ်ကားဆိုတာပါ။ ကျွန်တော်တို့ ချင်းတောင်မှာ ပြေးတဲ့ဂျစ်ကားပါ။ ဒီနေရာမှာ ဒီ Hulux တက်နေတာတွေ့မယ်ဆိုရင် ကျွန်တော် တို့ ဒီကားက 4.4 ကို

No(1) ထိုးပြီးမှ တက်ရတဲ့အနေအထားမျိုးပါ။ ဒါကတော့ ကျွန်တော်တို့ ဟုမ္မလင်း- ကက်သာတံတား ကျွန်တော်တို့ ဒီလ ၁၈ ရက်နေ့က ရိုက်ကူးထားတဲ့မှတ်တမ်းဓာတ်ပုံပါ။ ဒါကတော့ ကျွန်တော်တို့ ခန္တီး-ဆင်သေ ချင်းတွင်းမြစ်ကူးတံတား။ ကျွန်တော် နောက်ဆုံး ၁၈ ရက်နေ့က ရိုက်ကူးထားတဲ့ မှတ်တမ်းဓာတ်ပုံပါ။ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီနေ့အထိ မော်တော်ယာဉ်တွေက အဆင်ပြေစွာသွားလာနိုင်ခြင်းမရှိသေးတဲ့နေရာမှာ မိုင်တိုင်(၀)နှင့် မိုင်တိုင် (၁၇)မိုင်အထိအောင် တောင်အတက်အဆင်းသိပ်မရှိပါဘူး။ မိုင်တိုင်(၁၇)ကနေ (၃၆)ထိသာ တောင်ကုန်းတောင်တန်းတွေ ဖြစ်ပြီးခက်ခဲတာပါ။ ဒီမိုင် ၂၀ လောက်ကို အဓိကထားဖောက်လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့ ရာသီမရွေးသွားလာနိုင်မှာဖြစ်ပါတယ်။ တမူး-ဟုမ္မလင်းလမ်း မိုင် ၈၀ ကျော်မှာ တမူး-အောင်ဇေယျလမ်း ၄၂ မိုင်ကျော်က ရာသီမရွေးသွားလာနိုင်တဲ့အပြင် ကတ္တရာလမ်းအဖြစ်ခင်းဖို့ ၁၂ မိုင်ပဲ ကျန်တော့တာပါ။ ကက်သာ-အောင်ဇေယျလမ်းပိုင်း ၃၈ မိုင် ၁ ဖာလုံကို ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက် နိုင်မယ်ဆိုရင် ဟုမ္မလင်း-ခန္တီး-လေးရှီး-လဟယ်စတဲ့မြို့ကြီးတွေက လူဦးရေလေးသိန်းကျော်ဟာ အချိန် တိုအတွင်း မြေပြန့်ကိုသွားလာနိုင်မှာဖြစ်ပါတယ်။ မုံရွာ-ရေဦး-သက္ကကျင်း-ဖောင်းပြင်-ဟုမ္မလင်း လမ်းပိုင်းဟာ ၃၃၄ မိုင်ရှိပြီး မုံရွာ-ရွာကြီး-ကလေးဝ-တမူး-ဟုမ္မလင်းလမ်းပိုင်းဟာ ၂၉၀မိုင်ရှိတဲ့ အတွက် ခရီးသွားပြည်သူတွေဟာ ကျွန်တော်တို့ဘက်ကဆင်းလာမယ်ဆိုရင် မိုင်အားဖြင့် ၄၄ မိုင် သက်သာပြီးမှ သွားလာနိုင်မှာဖြစ်ပါတယ်။ ကလေးဝ-ကျီကုန်း-တမူးလမ်းမကြီးဟာ ၂၀၀၀ ပြည့်နှစ် ကတည်းက ၂၄ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းမကြီးဖြစ်ပါတယ်။ ယခုအစိုးရလက်ထက်မှာ တမူး-ကျီကုန်း-ကလေးဝလမ်းပိုင်းမှာရှိတဲ့ တံတားတွေချဉ်းကပ်လမ်းတည်ဆောက်ရေး၊ အဆင့်မြှင့်တင်ရေး နှင့် ကလေးဝ-ယာကြီးလမ်းပိုင်းတည်ဆောက်ရေး၊ အဆင့်မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို နိုင်ငံတော်သမ္မတကြီးရဲ့ ၂၇-၈-၂၀၁၆ ရက်နေ့ အိန္ဒိယသမ္မတနိုင်ငံခရီးစဉ် အတွင်း သက်ဆိုင်ရာဝန်ကြီးဌာန တာဝန်ရှိသူများမှ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ ၈၄၂ မီတာရှိတဲ့ချင်းတွင်းမြစ်ကူးတံတား၊ ခန္တီး-ဆင်သေတံတားတို့ကိုလည်း တည်ဆောက်နေတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ထိုစီမံကိန်းအနေနဲ့ရှိထားတဲ့အတွက် ကက်သာ-အောင်ဇေယျလမ်းပိုင်း ၃၈ မိုင် ၁ ဖာလုံကို ရာသီမရွေးဆောင်ရွက်နိုင်ရန်၊ သွားလာနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ရိုသေလေးစားစွာဖြင့် မေးခွန်းမေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**မှူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပါ။ ဦးမျိုးဇော်အောင် လွှတ်တော်ထဲမှာ ဂျာနယ်ဖတ်ဖို့မဟုတ်ဘူးနော်။ ခင်ဗျားတို့ စည်းမဲ့ကမ်းမဲ့ လုပ်ဖို့မစဉ်းစားနဲ့။ စည်းမဲ့ကမ်းမဲ့လုပ်မယ်ဆိုရင် လွှတ်တော်ထဲဝင်မလာနဲ့။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းမှ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်သို့ ဆက်သွယ်ဖောက်လုပ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကက်သာ-အောင်ဇေယျလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်သော လမ်းမကြီးအဖြစ် မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြ အပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ကက်သာ-အောင်ဇေယျလမ်းပိုင်းဟာဆိုရင် ၃၈ မိုင် ၁ ဖာလုံ ရှည်လျားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါ လမ်းဟာဆိုရင် ယခင်က ကာကွယ်ရေးဝန်ကြီးဌာနပိုင်လမ်းဖြစ်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ ၁၅-၁၀-၂၀၁၂ ရက်နေ့တွင် လွှဲပြောင်းလက်ခံ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်ပြီး လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့မှာရှိတဲ့ လမ်းအခြေအနေကတော့ ကွန်ကရစ်လမ်း တစ်ဖက် လေးပေအကျယ် ဘီးလမ်းနှစ်ဖက် ၃ မိုင် ၇ ဖာလုံနဲ့ အာမာခံလမ်း ၃၄ မိုင် ၂ ဖာလုံ ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၁၈၀၇.၄၆၁ သန်းနှင့် ၈ မိုင်အတွင်း ကျောက်တောင်မိုင်းခွဲလမ်းချဲ့ခြင်း၊ ပေ ၅၀ အောက်ကွန်ကရစ် တံတားတည်ဆောက်ခြင်းတစ်စင်း၊ ပေ ၅၀ အထက် ကွန်ကရစ်တံတားတည်ဆောက်ခြင်းလေးစင်း၊ ဘေလီတံတားတည်ဆောက်ခြင်းတစ်စင်း၊ Box Culvert တည်ဆောက်ခြင်း ၁၀ စင်းစတဲ့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကက်သာ-အောင်ဇေယျလမ်းပိုင်းမှာ အတက်အဆင်းမတ်စောက်တဲ့နေရာများအား လျှောစောက်နိမ့်ချခြင်း ၂ မိုင်၊ ပေ ၅၀ ထက် ကွန်ကရစ်တံတားတည်ဆောက်ခြင်းတစ်စင်း၊ တံတားနှစ်စင်း၏ ချဉ်းကပ်လမ်းမြေဖို့ခြင်းစတဲ့လုပ်ငန်းများကို ဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီးရန်ပုံငွေကျပ် ၁၁၀၇.၈၈ သန်းဖြင့် လျာထားတင်ပြတောင်းခံထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကက်သာ-အောင်ဇေယျလမ်းပိုင်းဟာဆိုရင် လက်ရှိအခြေအနေအရ အတက်အဆင်းမတ်စောက်ပြီးတော့ အကွေ့အကောက်များတဲ့အပိုင်းများရှိနေတဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ လမ်းပုံထုတ်အဖွဲ့နဲ့ အသေးစိတ်ပြန်လည်တိုင်းတာပြီးတော့ လမ်းအင်္ဂါရပ်နဲ့ပြည့်စုံတဲ့လမ်းတစ်လမ်းအဖြစ် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကက်သာ-အောင်ဇေယျလမ်းပိုင်းတွင် ဘဏ္ဍာနှစ်အလိုက် ခွဲဝေရရှိတဲ့ရန်ပုံငွေအပေါ်မူတည်၍ လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုစီမံချက်ရေးဆွဲပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အကုန်မှာဆိုရင် ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်လမ်းအဆင့်သို့ရောက်ရှိနိုင်ရေး စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်းထပ်ဆင့်မေးခွန်းမေးခွင့်ပြုပါ။ အခုလိုဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ လာမယ့်နှစ်မှာ ၁၁၀၇ သန်း လျာထားပေးတာလဲကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီ၂၀၁၈-၂၀၁၉ မှာ ကျောက်ခင်းလမ်းအဖြစ်နဲ့ ရာသီမရွေးသွားလာနိုင်ဖို့ကတော့ ခက်ခဲဦးမယ်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုနကဝန်ကြီး ဖြေကြားသွားသလို လမ်းအနေအထားက ပုံစံပြန်ထုတ်ပြီးမှ ဆောင်ရွက်ရမှာဆိုလို့ပါ။ အဲဒီတော့ ဖြစ်နိုင်မယ်ဆိုလို့ရှိရင် ဒီလမ်းကို ဝန်ကြီးအနေနဲ့ အသေးစိတ်တွက်ချက်ပြီးမှ သုံးနှစ်စီမံကိန်း ဒါမှမဟုတ် ငါးနှစ်စီမံကိန်းလိုမျိုး တစ်ခုခုရေးဆွဲပြီးမှ စီမံဆောင်ရွက်ပေးမယ်ဆိုရင် ပိုမိုထိရောက်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။ ဒါကြောင့် ဝန်ကြီးအနေနဲ့တင်ပြခဲ့သလို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ရိုသေလေးစားစွာဖြင့် မေးခွန်းမေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့မေးခွန်းကို ပြန်ဖြေရမယ်ဆိုရင်တော့ မူလလမ်းရဲ့အနေအထားက အခုနက တင်ပြတဲ့အတိုင်းပါပဲ။ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးအရလိုအပ်တဲ့လမ်းမျိုးအနေအထားနဲ့ တည်ဆောက်ထားခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုနကပြောတဲ့ ဒီလမ်းရဲ့ Contour တွေ၊ Gradient တွေ ဒါတွေက ပုံမှန်ကားတွေသွားဖို့အတွက်က အများကြီးအခက်အခဲရှိနေပါတယ်။ ဒါကြောင့်မို့လို့ နှစ်စဉ်ဒီလိုအခက်အခဲတွေဖြစ်နေတာကို ကျော်ဖြတ်ချင်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဒါကိုလမ်းအင်္ဂါနဲ့ ပြည့်စုံတဲ့လမ်းတစ်လမ်းဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးချင်ပါတယ်။ ဒါကြောင့်မို့လို့လည်း သက်ဆိုင်ရာလမ်းပုံထုတ်အဖွဲ့တွေနဲ့ ဒါကို စနစ်တကျပြန်လည်ပြီးတော့ ဆောင်ရွက်ပေးမှာပါ။ ဒါကလည်း လမ်းမှန်တဲ့၊ ပုံစံမှန်တဲ့လမ်းတစ်လမ်းဒီဇိုင်းရပြီဆိုရင်တော့ တည်ဆောက်ဖို့ဆိုတာ သိပ်ပြီးတော့ မခက်ခဲတော့ပါဘူး။ ဒါကြောင့်မို့လို့ အခုနက တင်ပြတဲ့အတိုင်းပါပဲ။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အကုန်မှာ ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်လမ်းအဆင့်သို့ ရောက်ရှိနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသွားမယ်လို့ ထပ်လောင်းတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဖောင်းပြင်-ပင်လည်ဘူး မော်တော်ကားလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်လမ်းသို့မဟုတ် ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ အထက်ချင်းတွင်းဒေသမှာရှိတဲ့ မြို့တွေထဲမှာ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကျွန်တော်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ဖောင်းပြင်မြို့ဟာ ခရီးသည်နှင့် ကုန်စည်

ပို့ဆောင်ရေးအတွက် ရေလမ်းကြောင်းတစ်ခုတည်းကိုသာ မှီခိုအားထားရတဲ့ မြို့ဖြစ်ပါတယ်။ မော်လိုက်၊ ဟုမ္မလင်း၊ ခန္တီး စသည့်မြို့တွေလို ရွေးချယ်စရာမော်တော်ကားလမ်းနှင့် လေကြောင်းလမ်း ကျွန်တော်တို့မှာမရှိပါဘူး။ ဖောင်းပြင်မြို့နယ်မှာ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုပေါင်း ၄၂ ခု ရှိပါတယ်။ ချင်းတွင်းမြစ်ကမ်းဘေးမှာရှိတဲ့ ကျေးရွာအုပ်စုက ၁၅ ခုရှိပြီးနောက် ကုန်းတွင်းပိုင်းကျေးရွာအုပ်စုက ၂၇ ခုရှိတာကို တွေ့ရပါတယ်။ အဲဒီတော့ ပြည်သူတွေအနေနဲ့ ခရီးသွားလာရတဲ့နေရာမှာ ရေမကူးတတ်တဲ့သူတွေအဖို့က ဒီရေကြောင်းခရီးလမ်းကိုသွားဖို့အတွက် အများကြီးကြောက်ရွံ့ကြပါ တယ်။ ဘယ်လိုပဲဖြစ်စေ ကျွန်တော်တို့မြို့နယ်မှာရှိတဲ့လူတွေရော၊ ကျွန်တော်တို့မြို့နယ်မှာ တခြားဒေသ က လာရောက်ပြီးမှပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြရတဲ့ ပုဂ္ဂိုလ်တွေရော ဒေသအသီးသီးက လာကြရတာဖြစ်တဲ့အတွက် ကျွန်တော်တို့မှာ အခြားရွေးချယ်စရာလမ်းကြောင်း မရှိဘဲနဲ့ ရေလမ်း ကြောင်းတစ်ခုပဲ ကျွန်တော်တို့မှာ ရွေးချယ်စရာရှိပါတယ်။ အဲဒီလိုဆိုတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့ အောက်တိုဘာလ ၁၄ ရက်နေ့က ၁၅ ရက်သတင်းမှာ တစ်နိုင်ငံလုံး ပျံ့နှံ့ခဲ့ပါတယ်။ အောင်စိုးမိုးကျော်(၂)ရေယာဉ်နစ်မြုပ်ခဲ့စဉ်မှာ ခရီးသည် ၆၆ ယောက်လို့လည်း သတင်းမှာ ပါပါတယ်။ ၆၉ ယောက်လို့လည်း ပါပါတယ်။ ၇၃ ယောက်လို့လည်းပါပါတယ်။ ခရီးသည်ပေါင်း ၆၀ ယောက်ကျော် ၇၀ လောက် အသက်ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီလိုဆိုတော့ ဒီရဲ့ဥစ္စာကို ဒီလူမှု ကွန်ရက်စာမျက်နှာပေါ်မှာ ပျံ့နှံ့ခဲ့တဲ့အတွက် Power Point နဲ့မပြတော့ပါဘူး။ ရင်နာစရာကောင်းတဲ့ အဖြစ်အပျက်လည်း ဖြစ်လို့မို့။ ဒီရဲ့အဓိကအကြောင်းရင်းဖြစ်ခဲ့အထဲမှာ ကျွန်တော်တို့ ဖောင်းပြင်မြို့နယ် အတွင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ တခြားဒေသက ပညာရေးဝန်ထမ်း ၁၀ ဦးတောင် ပါသွားပါတယ်။ အောက်တိုဘာလ ၁၄ ရက်နေ့ ဖြစ်စဉ်ပါ။ အလားတူပြဿနာမျိုးကို အရင်ကလည်း အကြိမ်ကြိမ် ဖြစ်ခဲ့ပါတယ်။ အနီးကပ်ဆုံးကတော့ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှာ မြန်မာဇမ္ဗူထွန်းရေယာဉ် နစ်မြုပ်ခဲ့ပါတယ်။ ဒီအချိန်တုန်းက သိပ်ပြီးတော့ ပွင့်လင်းမြင်သာ မရှိလို့မို့ ဘယ်နှစ်ယောက်သေဆုံး တယ်ဆိုတာလည်း ကျွန်တော်တို့ မသိခဲ့ရပါဘူး။ သို့သော်လည်းပဲ အနီးစပ်ဆုံးသတင်းအရဆိုလို့ရှိရင် ဖောင်းပြင်မြို့နယ်ထဲက မင်းယ အ.ထ.က က အလယ်တန်းပြ ဆရာမတစ်ယောက် သေဆုံးသွားတယ်။ တရောင်းတိုက်နယ်ဆေးရုံကို တာဝန်ထမ်းဆောင်ဖို့ ပြောင်းရွှေ့လာတဲ့ ဆရာဝန်အမျိုးသမီး တစ်ယောက် သေဆုံးသွားပါတယ်။ အဲဒီလိုတွေဖြစ်နေတဲ့ အတွက် ကျွန်တော်တို့ ရွေးချယ်စရာ လမ်းကြောင်းလေးတစ်ခုရှိဖို့ ကျွန်တော့်အနေနဲ့ ဒီရဲ့အဓိက

အကြောင်းအရင်းကို အချိန်တိုအတွင်းမှာ ဖြေရှင်းနိုင်ဖို့အတွက်က ဖောင်းပြင်နဲ့ ပင်လည်ဘူး ကားလမ်းကို ရာသီမရွေးသွားလို့ရတဲ့လမ်းဖြစ် အောင် ဖောက်လုပ်ပေးမယ်ဆိုရင်တော့ ကျွန်တော်တို့မှာ ရွေးချယ်စရာလမ်းကြောင်းသည် ရေကြောင်း လမ်းနှင့် ကုန်းကြောင်းလမ်း နှစ်မျိုးရှိသွားပါမယ်။ ဒါကြောင့်မို့ နိုင်ငံတော်ဘဏ္ဍာငွေအခြေအနေ ကိုလည်း ကျွန်တော်တို့တွေအနေနဲ့ သိရှိပြီးသားဖြစ်ပါတယ်။ သို့သော်လည်း ပြည်သူတွေရဲ့အသက် အိုးအိမ်စည်းစိမ်နဲ့ ပတ်သက်လာတဲ့ ကိစ္စဖြစ်လို့မို့သာ ကျွန်တော်တင်ပြရခြင်းဖြစ်ပါတယ်။ ဒီလမ်းကို ဖောင်းပြင်-ပင်လည်ဘူး ကားလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ လမ်းအဖြစ်အဆင့်တိုးမြှင့်ပေးလိုက် မယ်ဆိုလို့ ရှိရင် ကျွန်တော်တို့ ဖောင်းပြင်မြို့နယ်သာမကဘဲနဲ့ ဟုမ္မလင်း-ခန္တီးမှာရှိတဲ့ ပြည်သူလူထု အတွက်ပါ ရွေးချယ်စရာ ပိုပြီးမှရရှိသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်မေးမြန်းလိုတာကတော့ ဖောင်းပြင်-ပင်လည်ဘူး ကားလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ လမ်းဖြစ်အောင်အတွက် ကွန်ကရစ် လမ်းအဆင့် တိုးမြှင့်ပေးဖို့အတွက် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းဖြစ်အောင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်းမှာ အဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ/မရှိကို ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေမှ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ဖောင်းပြင်-ပင်လည်ဘူးမော်တော်ကားလမ်းကို ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အဆင့်တိုးမြှင့် ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြ အပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဖောင်းပြင်-ပင်လည်ဘူး လမ်းဟာဆိုရင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ ဖောင်းပြင်-

ပင်လည်ဘူးလမ်း(လမ်းဟောင်းအပိုင်း)ဟာဆိုရင် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်မှာရှိတဲ့ ဖောင်းပြင်မြို့ မိုင်(၀/၀)မှစပြီးတော့ ရောင်ဟီးရွာ မိုင်(၁၂/၀)မှခွဲထွက်ပြီးတော့ ၆၅ မိုင်ရှည်လျားပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့မှာ လမ်းအခြေအနေကတော့ ကတ္တရာလမ်းတစ်မိုင်၊ ကျောက်လမ်း ၁၆ မိုင် ၄ ဖာလုံနှင့် မြေလမ်း ၃၅ မိုင် ၄ ဖာလုံ ဖြစ်ပါတယ်။ ဖောင်းပြင်-ပင်လည်ဘူး(လမ်းဟောင်းအပိုင်း)ဟာဆိုရင် အတက်အဆင်းမတ်စောက်ပြီးတော့ ကျဉ်းမြောင်းတဲ့တောင်ကမ်းပါးယံများရှိခြင်းကြောင့် ဖောင်းပြင်-ပင်လည်ဘူး(လမ်းကြောင်းအသစ်)အား မိုင်(၂၈/၂)မှစတင်ပြီးတော့ လက်ယာဘက်သို့ခွဲထွက်ပြီး မိုင်(၄၉/၂)တွင် မူလလမ်းဟောင်းနှင့် ပြန်လည်ပေါင်းဆုံဖောက်လုပ်ပေးထားပါတယ်။ အနီလမ်းကြောင်းပြထားခြင်းဖြစ်ပါတယ်။ ဖောင်းပြင်-ပင်လည်ဘူး(လမ်းကြောင်းအသစ်)ဟာဆိုရင် ၂၉ မိုင်ရှည်လျားပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့လမ်းညွှန်မှုနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂျပန်ခေတ်ကြေးနန်းကြိုးသွားတဲ့လမ်းအူကြောင်းကို အမှီပြုပြီးတော့ မြေသားလမ်းအဆင့်ဖောက်လုပ်ထားပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၂၁၂၈.၈၅ သန်းနှင့် ဖောင်းပြင်-ပင်လည်ဘူး(လမ်းဟောင်းအပိုင်း)တွင် ၁၂ ပေအကျယ် ကတ္တရာလမ်းအသစ်ခင်းခြင်း ၄ မိုင်၊ ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းနှင့် တစ်ဖက်လေးပေအကျယ် အမာခံလမ်းပုခုံးခင်းခြင်း ၆ မိုင် ၁ ဖာလုံ၊ ပေ ၅၀ အောက်ကွန်ကရစ်တံတားတည်ဆောက်ခြင်း ၁၈ စင်းစတဲ့လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ ဖောင်းပြင်-ပင်လည်ဘူး(လမ်းသစ်အပိုင်း)မှာဆိုရင် စစ်ကိုင်းတိုင်းဒေသကြီးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၃၁၅ သန်းနှင့် အမာခံကျောက်လမ်းခင်းခြင်း ၅ မိုင်၊ ကျောက်စီမြေကာနံရံတည်ဆောက်ခြင်း ပေ ၇၀ စတဲ့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင် စတဲ့မြို့များဟာ ချင်းတွင်းမြစ်ရေလမ်းကြောင်းကို အဓိကထားသွားလာနေကြရတာဖြစ်ပါတယ်။ ချင်းတွင်းမြစ်ဟာ နွေအခါမှာရေနည်းပြီး သောင်တင်တတ်ပြီးတော့ မိုးအခါကျတော့လည်း ဝဲဂယက်များရှိပြီးတော့ အန္တရာယ်များစွာတွေ့ကြုံမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညှိနှိုင်းဆွေးနွေးချက်အရ ရာသီမရွေးသွားလာနိုင်တဲ့လမ်းအဆင့်သို့ ရောက်ရှိနိုင်ရန် ဖောင်းပြင်-ပင်လည်ဘူး (လမ်းကြောင်းအသစ်အပိုင်း)တွင် အတက်အဆင်းမတ်စောက်သောနေရာများအား လျှောစောက်နိမ့်ချခြင်း ၅ မိုင်၊ အမာခံလမ်းခင်းခြင်း ၁၉ မိုင်နဲ့ ကွန်ကရစ်လမ်းခင်းခြင်း ၉ မိုင် ၇ ဖာလုံ စတဲ့လုပ်ငန်းများအား

ဆောင်ရွက်နိုင်ရန် လိုအပ်တဲ့ရန်ပုံငွေကျပ် ၅၅၇၅ သန်းအား ပြည်ထောင်စုသီးသန့်ရန်ပုံငွေရရှိနိုင်ရေး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြတောင်းခံထားခြင်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် သဘောတူပါကြောင်း ၃၀-၁၁-၂၀၁၆ ရက်နေ့တွင် အကြောင်းပြန်ကြားထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုံမှန်အားဖြင့် နှစ်စဉ်ရန်ပုံငွေတင်ပြတောင်းခံရရှိမှုအပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပြီးတော့ နှစ်နှစ်၊ သုံးနှစ်ခန့် ဆောင်ရွက်ရမှာဖြစ်သော်လည်း ပဲ ဖောင်းပြင်-ပင်လည်ဘူး(လမ်းသစ်အပိုင်း)အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ပြတောင်းခံထားတဲ့ ပြည်ထောင်စုသီးသန့်ရန်ပုံငွေရရှိပြီး လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းမှာပင် ရာသီမရွေးသွားလာနိုင်တဲ့အဆင့်သို့ ရောက်ရှိသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**မန္တလေး-တွင်းငယ်-မိုးမိတ်-မန်တုံ-နမ့်ခမ်း ပြည်ထောင်စုလမ်းမကြီးကို ပထမဦးစားပေးဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီး၊ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ဇွန်လ ၂၇ ရက်နေ့က ဆောက်လုပ်ရေးဝန်ကြီး မိုးမိတ်ကိုရောက်ရှိစဉ်အခါမှာ ကျွန်တော်တို့ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဝန်ထမ်းများနှင့် တွေ့ဆုံစဉ် မန္တလေး-တွင်းငယ်-မိုးမိတ်-မန်တုံ-နမ့်ခမ်း ပြည်ထောင်စုလမ်းမကြီးကို ပထမဦးစားပေးဖောက်လုပ်မယ်လို့ ပြောကြားသွားခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘယ်အချိန်၊ ဘယ်ခုနှစ်မှာ ဖောက်လုပ်နိုင်ပါမလဲလို့ ကျွန်တော်မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်တစ်ပြည်ရဲ့ မြို့နယ်၊ ကျေးရွာတိုးတက်ဖို့ဆိုလို့ရှိရင် အဓိကကတော့ လမ်းပန်းဆက်သွယ်ရေးဟာ အဓိကကျပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမှပဲ ဒီမြို့နယ်တွေဟာ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးပြောသွားတဲ့ ဖောက်လုပ်မယ့် မိုးမိတ်လမ်းဟာ မိုးမိတ်ပြည်သူများနဲ့ မန်တုံပြည်သူများရဲ့ဘဝကို တိုးတက်ပြောင်းလဲစေမှာဖြစ်ပါတယ်။ မိုးမိတ်မြို့နှင့် မန်တုံမြို့ဟာဆိုလို့ရှိရင် ၅၈ မိုင်သာဝေးကွာတဲ့အတွက် ဖောက်လုပ်သင့်တဲ့ အနေအထားလည်းဖြစ်ပါတယ်။ ဒီလမ်းကိုဖောက်လုပ်ခြင်းအားဖြင့် နောင်ချို-ဂုတ်တွင်းမှာ ယာဉ်ကြောတွေပိတ်ဆို့နေတာကိုလည်း တစ်နည်းတစ်လမ်းအားဖြင့် ဖြေရှင်းရာလည်းရောက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မန်တုံမြို့ဟာဆိုလို့ရှိရင် ရိုးသားတဲ့ ပလောင်တိုင်းရင်းသူတိုင်းရင်းသားများဟာ လက်ဖက်လုပ်ငန်းနဲ့ အသက်မွေးကြပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ မိုးမိတ်ပြည်သူများဟာလည်း တောင်သူလုပ်ငန်းနဲ့အသက်မွေးတဲ့ မြို့၊ ရွာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုးမိတ်မြို့ကထွက်ရှိတဲ့ မိုးမိတ်ဆန်တို့၊ ပဲပုတ်တို့ဟာဆိုလို့ရှိရင် မန္တလေးပွဲရုံကိုတစ်ဆင့်မခံဘဲနဲ့ ဒါအခု ဒီလမ်းကဆိုလို့ရှိရင်လည်း နမ့်ခမ်းကို တိုက်ရိုက်ပို့နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မန်တုံပြည်သူများနှင့် မိုးမိတ်ပြည်သူများရဲ့ဘဝကို တိုးတက်မြင့်မားစေဖို့အတွက် အမြန်ဆုံးမည်သည့်ခုနှစ်မှာ ဖောက်လုပ်ပေးမယ်ဆိုတာကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်မှ မေးမြန်းထားတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မန်တုံပြည်သူများနှင့် မိုးမိတ်ပြည်သူများရဲ့ဘဝကို မြင့်မားတိုးတက်စေရန်အတွက် မန္တလေး-တွင်းငယ်-မိုးမိတ်-မန်တုံ-နမ့်ခမ်း ပြည်ထောင်စုလမ်းမကြီးကို ပထမဦးစားပေးဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိသိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-တွင်းငယ်-မိုးမိတ်-မန်တုံ-မုံးဝီး-နမ့်ခမ်းလမ်းမကြီးတွင် မန္တလေး-တွင်းငယ်လမ်းပိုင်း၊ တွင်းငယ်-မိုးမိတ်လမ်းပိုင်း၊ မန်တုံ-မိုးမိတ်လမ်းပိုင်း၊ မန်တုံ-မုံးဝီးလမ်းပိုင်းနှင့် နမ့်ခမ်း-မုံးဝီးလမ်းပိုင်းတို့ပါဝင်ပြီးတော့ စုစုပေါင်း ၂၈၈ မိုင် ၁ ဖာလုံရှည်လျားပါတယ်။ မန္တလေး-တွင်းငယ်လမ်းပိုင်းဟာ မန္တလေး-တကောင်း-ဗန်းမော်လမ်းမကြီးမှာပါဝင်ပြီးတော့ ၉၉ မိုင် ၃ ဖာလုံရှည်လျားပြီးတော့ ၁၈ ပေအကျယ် ကတ္တရာလမ်းအဆင့်ဖြစ်ပါတယ်။

တွင်းငယ်-မိုးမိတ်အပိုင်းဟာဆိုရင် မန္တလေး-တကောင်း-ဗန်းမော်လမ်းမကြီးရဲ့ မိုင်တိုင်(၁၉/၀) မှစတင်ခွဲထွက်ပြီးတော့ လမ်းအရှည် ၄၆ မိုင်အနက် မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ၁၁ မိုင် ၆ ဖာလုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းမှာ ၃၄ မိုင် ၂ ဖာလုံ ရှည်လျားပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပြီးတော့ ၃၁-၃-၂၀၁၆ ရက်နေ့ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၁၈ မိုင် ၅ ဖာလုံ၊ ကျောက်လမ်း ၂၇ မိုင် ၃ ဖာလုံဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရရှိရန်ပုံငွေကျပ် ၁၇၃၂.၁၁၇ သန်းနှင့် ကတ္တရာလမ်းသစ်ခင်းခြင်း ၁၁ မိုင်၊ ပေ ၅၀ အောက်တံတားတည်ဆောက်ခြင်းရှစ်စင်း၊ တံတားအဝင်အထွက်အား ကတ္တရာလမ်းခင်းခြင်း သုံးစင်းစတဲ့လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကုန်မှာဆိုရင် ကတ္တရာလမ်းအဆင့် ၂၉ မိုင် ၅ ဖာလုံ ရောက်ရှိမှာ ဖြစ်ပါတယ်။ သစ်သားတံတား စုစုပေါင်း ၁၈၃ စင်းရှိတဲ့အနက် ၁၃၂ စင်းကိုလည်း အမြဲတမ်း ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးသွားမှာ ဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းသစ်ခင်းခြင်း ၁၀ မိုင်၊ ပေ ၅၀ အရှည် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း သုံးစင်း၊ ပေ ၄၀ အကျယ် လမ်းတာပေါင်တင်ခြင်း ၂ ဖာလုံ၊ ချဉ်းကပ်လမ်းတည်ဆောက်ခြင်း ပေ ၁၀၀ စတဲ့ လုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေကျပ် ၁၅၈၀ သန်း တင်ပြတောင်းခံထားရှိပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာဖြစ်ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာဆိုရင် တွင်းငယ်မြို့ကနေပြီးတော့ မိုးမိတ်မြို့အထိ ခင်းရန်ကျန်ရှိတဲ့ ကျောက်လမ်း ၆ မိုင် ၃ ဖာလုံအား ကတ္တရာလမ်းအဆင့်ရောက်ရှိရေး စီမံချက်ရေးဆွဲလျာထား ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးမိတ်-မန်တုံအပိုင်းအား ဆက်လက်တင်ပြပေးသွားမှာဖြစ်ပါတယ်။ မိုးမိတ်-မန်တုံလမ်းဟာဆိုရင် မိုင်(၀/၀)မှ(၅၈/၀)အထိ ရှည်လျားပြီးတော့ မိုးမိတ်ခရိုင်နဲ့ ပလောင်ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရဒေသသို့ ဆက်သွယ်ထားတဲ့လမ်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့ လမ်းဖြစ်ပြီးတော့ ၃၁-၃-၂၀၁၆ ရက်နေ့မှာ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၃ မိုင်၊ အမာခံ လမ်း ၂၄ မိုင် ၄ ဖာလုံ၊ မြေလမ်း ၃၀ မိုင် ၄ ဖာလုံဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရရှိတဲ့ရန်ပုံငွေကျပ် ၁၅၄ သန်းနဲ့ ကတ္တရာလမ်းခင်းခြင်း ၆ ဖာလုံ၊ ရေပြွန်တည်ဆောက်ခြင်း ငါးစင်း စတဲ့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်မှာဆိုရင် ကတ္တရာလမ်း ၃ မိုင် ၆ ဖာလုံ၊ အမာခံလမ်း ၂၃ မိုင် ၆ ဖာလုံနဲ့ မြေလမ်း ၃၀ မိုင် ၄ ဖာလုံရောက်ရှိသွားမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၄ ဖာလုံအား မန်တုံမြို့ အဝင်အပိုင်းတွင် ဆောင်ရွက်ရန် ပြည်နယ်ရန်ပုံငွေကျပ် ၈၅ သန်းလျာထားတင်ပြတောင်းခံထား ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ လုပ်ငန်းများအား ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ မန်တုံ-မုံးဝီးလမ်းပိုင်းဟာဆိုရင် မိုင်(၀/၀)မှ(၅၆/၆)အထိ ၅၆ မိုင် ၆ ဖာလုံ ရှည်လျားပြီးတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ နမ့်ခမ်းမြို့နယ်ကို ဆက်သွယ်ထားတဲ့ လမ်းပဲဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပြီးတော့ ၃၁-၃-၂၀၁၆ ရက်နေ့မှာ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၄ ဖာလုံ၊ မြေလမ်း ၅၆ မိုင် ၂ ဖာလုံ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာဆိုရင် ပြည်နယ်ရန်ပုံငွေကျပ် ၁၂၆.၅ သန်းနဲ့ ပေ ၃၀ အကျယ် မြေသားလမ်း ချဲ့ခြင်း ၄ မိုင်၊ သံကူကွန်ကရစ် တံတားတည်ဆောက်ခြင်း သုံးစင်းစတဲ့လုပ်ငန်းတွေကို ဆောင်ရွက် လျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာဆိုရင် ကတ္တရာလမ်းသစ်ခင်းခြင်း ၂ မိုင်၊ မန်တုံ မြို့တွင်းလမ်းအပိုင်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၄ ဖာလုံ၊ အမာခံလမ်းခင်းခြင်း ၂ မိုင် စတဲ့လုပ်ငန်းများ ဆောင်ရွက်ရန် ပြည်နယ်ရန်ပုံငွေကျပ် ၅၆၈ သန်းလျာထားတင်ပြတောင်းခံထားပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်ပြီးတော့ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

မုံးဝီး-နမ့်ခမ်းလမ်းပိုင်းဟာဆိုရင်တော့ နမ့်ခမ်း-မုံးဝီး-ပြင်လုံလမ်းပိုင်းမှာ ပါဝင်ပြီးတော့ ၂၈ မိုင် ရှည်လျားပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပြီးတော့ ၃၁-၃-၂၀၁၆ ရက်နေ့မှာ လမ်းအခြေအနေကတော့ ကတ္တရာလမ်း ၂ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၁၄ မိုင် ၄ ဖာလုံ၊ အမာခံလမ်း ၂ မိုင် မြေလမ်း ၉ မိုင် ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေကျပ် ၃၄၅.၉၈၅ သန်းနဲ့ ကတ္တရာလမ်းသစ်ခင်းခြင်း ၆ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းနှင့် လမ်းတာပေါင် မြှင့်ခြင်း ၅ ဖာလုံ၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာလမ်းရေပိတ်လွှာလောင်းခြင်း ၂ ဖာလုံ၊

ကျောက်လမ်းခင်းခြင်း ၁ ဖာလုံ၊ ကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်း ခြောက်စင်းစတဲ့လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အကုန်မှာဆိုရင် ကတ္တရာလမ်းအဆင့် ၃ မိုင် ၂ ဖာလုံ၊ ကျောက်လမ်းအဆင့် ၁၃ မိုင် ၆ ဖာလုံ၊ အမာခံလမ်းအဆင့် ၂ မိုင်နဲ့ မြေလမ်း ၉ မိုင်သို့ ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်းခင်းခြင်း ၃ မိုင် ၆ ဖာလုံ၊ ကျောက်လမ်းခင်းခြင်း ၂ မိုင်၊ ကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်း ခုနစ်စင်း စတဲ့လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်နယ်ရန်ပုံငွေကျပ် ၈၄၁.၃၄ သန်း လျာထားတင်ပြတောင်းခံထားပြီးတော့ ရန်ပုံငွေရရှိတဲ့အပေါ် မူတည်ပြီးတော့ လုပ်ငန်းများဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-တွင်းငယ်-မိုးမိတ်-မန်တုံ-မုံးဝီး-နမ့်ခမ်းလမ်းတွင် ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေရရှိတဲ့ရန်ပုံငွေနဲ့ လုပ်ငန်းဆောင်ရွက်ပေးသွားမှာဖြစ်ရာ မန္တလေး-တွင်းငယ်-မိုးမိတ်အပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကုန်မှာဆိုရင် ကတ္တရာလမ်းအဆင့် ၁၀၀ ရာခိုင်နှုန်းရောက်ရှိသွားမှာဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ မိုးမိတ်-မန်တုံ-မုံးဝီး-နမ့်ခမ်းလမ်းပိုင်းကတော့ လက်ရှိအခြေအနေအရ မြို့များအနီးတဝိုက်တွင် လုံခြုံရေးကောင်းမွန်ပြီး ကျန်လမ်းပိုင်းများတွင် လုံခြုံရေး အခြေအနေအရ လမ်းပိုင်းတစ်လျှောက်လုံး လုပ်ငန်းဆောင်ရွက်ရန် မလွယ်ကူတဲ့လမ်းအခြေအနေ ဖြစ်နေတဲ့အတွက် နယ်မြေလုံခြုံရေးအခြေအနေအပေါ်မူတည်ပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်(ဗုဒ္ဓဟူးနေ့)

နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၃။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၁း၁၃ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှုကြမ်း**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွှက်